မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

ဓမ္မပဒ


# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး။
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၅၅)

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်
၂၀၂၄ ခုနှစ်၊ ဇွန် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ လေကြောင်းတိုက်ရိုက်ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ခရီးသွားကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍနှင့်အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭



### သံအမတ်ခန့်အပ်လွှာပေးအပ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**




## အယ်ဒီတာ့အာဘော် (၂၀၂၄ ခုနှစ်၊ ဇွန် ၁၂ ရက်)

# အောင်မြင်မှုကိုဂုဏ်ပြု ရှုံးနိမ့်မှုကိုနှစ်သိမ့်

ပညာတတ်များပေါ်ကွယ်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင်များစွာသောအထောက်အကူဖြစ်စေသည်။ တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေးအတွက် အခြေခံမှာကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားတတ်မြောက်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသောဒွါဒသမတန်း(တက္ကသိုလ်ဝင်)စာမေးပွဲစတင်ကျင်းပပေးသည့်ပညာသင်နှစ်ဖြစ်သည်။

၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း၊ တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိစာစစ်ဌာနများ၏အောင်စာရင်းများကို ဇွန်လ ၁၁ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ (ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးခဲ့သည်။ ထို့အတူ သက်ဆိုင်ရာကျောင်းများအလိုက် အောင်စာရင်းများကို နံနက် ၄ နာရီမှစတင်ကာ ကြေညာသင်ပုန်းများတွင် ဖော်ပြထားသည်။ အခြေခံပညာအဆင့်တွင် အဆင့်မြင့်ဆုံးဖြစ်သောတက္ကသိုလ်ဝင်စာမေးပွဲသည် အခြေခံပညာမှအဆင့်မြင့်ပညာသို့ ဆက်လက်သင်ကြားနိုင်ရေးအတွက် စတင်တာထွက်ရမည့်ဆုံမှတ်လည်းဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတို့ဝမ်းသာပျော်ရွှင်ကြသကဲ့သို့ ဤနှစ်တွင်မအောင်မြင်သူများအနေဖြင့်လည်း စိတ်ပျက်အားငယ်ခြင်းမရှိဘဲယုံကြည်မှုအပြည့်ဖြင့် ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းကျင့်သုံးနေသောပညာရေးစနစ်မှာ လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ဖြစ်သည်။ Grade 9 ပြီးမြောက်သည်နှင့်ရွေးချယ်သင်ကြားနိုင်သည့်နည်းလမ်းလေးသွယ်ကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်သည်။ မည်သည့်လမ်းကြောင်းကိုလျှောက်လှမ်းသင်ကြားသည်ဖြစ်စေ ကျောင်းသား၊ ကျောင်းသူတိုင်းမှာ ဇွဲ၊ လုံ့လ၊ ဝီရိယဟူသောကြိုးစားအားထုတ်မှုရှိနေကြရမည်ဖြစ်သည်။

ကျောင်းမှန်မှန်တက် စာမခက်ဆိုသည့်အတိုင်း ကျောင်းသား၊ ကျောင်းသူတိုင်းက နေ့စဉ်ကျောင်းကိုမှန်မှန်တက်ကာ ဆရာ၊ ဆရာမများသင်ကြားပို့ချသည့်အတိုင်း ကြိုးစားသင်ယူကြမည်ဆိုပါက စာမေးပွဲဆိုသောမှတ်တိုင်တစ်ခုကိုကျော်ဖြတ်နိုင်မည်ဖြစ်သည်။ စာသင်ရမည့်အရွယ်တွင် စာကိုကြိုးစားသင်ယူခြင်းဖြင့် မိမိတို့၏ဘဝတိုးတက်မြင့်မားအောင်ကြိုးစားကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူတိုင်းတွင် ရည်မှန်းချက်ကိုယ်စီထားရှိကြပေရာ မိမိတို့ရည်မှန်းချက်သို့ပေါက်မြောက်အောင်မြင်ရေးမှာ မိမိတို့ကိုယ်တိုင်ကြိုးစားခြင်းသာဖြစ်သည်။

မိဘတိုင်းကမိမိတို့၏သားသမီးများအား ပညာရေးတွင်ထူးချွန်ထက်မြက်စေချင်ကြသည်။ မိမိသားသမီး၏ပညာရေးကိုအားမပေးသောမိဘဆိုသည်မှာ လွန်စွာရှားပေလိမ့်မည်။ အတွေးအခေါ်အယူအဆ လွဲမှားမှုကြောင့်သာရှိနိုင်သော်လည်း ၂၀၂၄-၂၀၂၅ ကျောင်းအပ်နှံစာရင်းများအရ ကျောင်းအပ်နှံမှု၊ တက်ရောက်မှုအရေအတွက်မှာများပြားလာနေသည်။ မိဘတိုင်းသည် မိမိတို့သားသမီးကို ပညာတတ်မြောက်စေချင်ကြသည်။ ပညာတတ်မှလူရာဝင်ဆိုစကားကဲ့သို့ အတန်းပညာတတ်မြောက်မှ အသိပညာရှိမည်။ အတန်းပညာ၊ အသိပညာရှိမှ လူရာဝင်နိုင်မည်။ ကျောင်းသားအရွယ်လွန်မြောက်၍ လုပ်ငန်းခွင်ရောက်ရှိသည့်အခါ မိမိတို့၏အရည်အချင်းအလိုက် နိုင်ငံ့တာဝန်များကိုထမ်းဆောင်ရခြင်းဖြစ်၍ အတန်းပညာကိုပြီးဆုံးအောင် သင်ကြားတတ်မြောက်ကြရမည်သာဖြစ်သည်။

ဇွန်လ ၁၁ ရက်နေ့တွင်ထွက်ရှိသော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းအရ စာမေးပွဲဝင်ရောက်ဖြေဆိုသူကျောင်းသား၊ကျောင်းသူအရေအတွက်မှာ ၁၂၈၈၂၀ ဦးဖြစ်ပြီး အောင်မြင်ကြသည့်အရေအတွက်မှာ ၇၄၅၉၂ ဦးဖြစ်သည်။ တစ်နိုင်ငံလုံးအောင်မြင်မှုရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းဖြစ်သည်။ အဆိုပါအောင်ချက်ရာခိုင်နှုန်းကိုကြည့်ခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ကြိုးစားအားထုတ်မှုမြင့်မားကြောင်းသိရှိနိုင်သည်။ ကျောင်းသား၊ ကျောင်းသူတစ်ဦးအတွက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်လိုက်ခြင်းမှာ ဘဝတိုးတက်မှုအတွက် ကောင်းသောဆုလာဘ်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသောကျောင်းသား၊ ကျောင်းသူများအတွက် တပ်မတော်ရှိ တက္ကသိုလ်များသို့လည်းကောင်း၊ အခြားသောဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့လည်းကောင်း မိမိတို့ရွေးချယ်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ **အသီးတစ်ရာအညှာတစ်ခု**ဆိုသည့်အတိုင်း တက္ကသိုလ်ဝင်တန်းဟူသော အခြေခံပညာအညှာတစ်ခုမှအောင်မြင်သူတို့အတွက် ရွေးချယ်ရန်လမ်းပေါင်းမြောက်မြားစွာ ပိုင်ဆိုင်ထားပြီဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထွက်သည်နှင့်အောင်မြင်ကြသူများအနေဖြင့် လွန်စွာပျော်မြူးခြင်းမဖြစ်သင့်သလို ရှုံးနိမ့်သူများအနေဖြင့်လည်း လွန်စွာပူဆွေးသောကမဖြစ်သင့်ပေ။ ဆိုလိုသည်မှာ အပျော်လွန်ကျူးက အန္တရာယ်နှင့်ရင်ဆိုင်နိုင်သလို ပူဆွေးသောကဖြစ်နေပါကလည်း အန္တရာယ်နှင့်ကြုံတွေ့နိုင်သည်။ ဤသည်ကို မိဘ၊ ဆရာနှင့်ကျောင်းသား၊ ကျောင်းသူများ သတိပြုကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများကိုဂုဏ်ပြုပါကြောင်းနှင့် အောင်မြင်မှုလမ်းကြောင်းလွဲနေသူများကိုလည်း ဆက်လက်ကြိုးစားကြပါရန်နှစ်သိမ့်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

နေပြည်တော် ဇွန် ၁၁

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၁၂-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၈း၃၅ Movies and Movies
၆။ ၈း၄၅ ဇာတ်လမ်းတို
၇။ ၁၁း၂၅ သီချင်းလက်ဆောင်
၈။ ၁၁း၄၀ Sport Review
၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
၁၀။ ၁၈း၄၀ Music Gallery
၁၁။ ၁၉း၀၀ **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၁၉၊ ၂၀)**

**MWD Variety Channel**

၁။ ၁၀း၂၅ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
၂။ ၁၂း၁၉ ရောင်စုံပျံ့သင်းစာပန်းခင်း
၃။ ၁၃း၃၄ ရှာဖွေလေ့လာ ပြတိုက်မှာ
၄။ ၁၄း၁၂ တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၅။ ၁၆း၁၇ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
၆။ ၂၁း၃၁ ဖွံ့ဖြိုးဝေစည်တို့နေပြည်


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဇွန် ၁၁

# ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းနှင့် ဓာတ်အားကွပ်ကဲရေးဌာန(ရန်ကုန်) တို့အား ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကြည့်ရှုစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဓာတ်အားကွပ်ကဲရေးဌာန (ရန်ကုန်)တို့အား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လှိုင်သာယာမြို့နယ်ရှိ ၅၀၀ ကေဗွီ လှိုင်သာယာ(အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက ၅၀၀ ကေဗွီ ဘုရားကြီး-လှိုင်သာယာ ဓာတ်အားလိုင်း၊ ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံ စီမံကိန်းနှင့် ဆက်စပ်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအလိုက် ပြီးစီးရမည့်အချိန်ဇယားများရေးဆွဲထားပြီး အဆိုပါအချိန်ဇယားများအတိုင်း သတ်မှတ်ချိန်ပြီးစီးနိုင်ရေး အဆင့်ဆင့်ကြပ်မတ်၍ အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များဖွဲ့စည်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်နေမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ လှိုင်သာယာ (အနောက်ပိုင်းတက္ကသိုလ်) ဓာတ်အားခွဲရုံ စီမံကိန်းဆောင်ရွက်ပြီးစီးသွားပါက ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်ဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းမှထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို မြန်မာနိုင်ငံတောင်ပိုင်းသို့ ဗို့အားတည်ငြိမ်စွာ ပို့လွှတ်နိုင်မည်ဖြစ်သည်။ ယခုအခါ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်နေဆဲကာလတွင် ၂၃၀ ကေဗွီ ဗို့အားနှင့် ပို့လွှတ်နိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ဓာတ်အားစတင်ပို့လွှတ်နိုင်မည်ဖြစ်ပြီး ၅၀၀ ကေဗွီစနစ်ဖြင့် ပို့လွှတ်နိုင်ရန်အတွက် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများတည်ဆောက်ခြင်းအပါအဝင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကာ ၂၀၂၅ ခုနှစ် ဧပြီလအတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားကွပ်ကဲရေးဌာန(ရန်ကုန်)သို့ရောက်ရှိ၍ ဓာတ်အားချိတ်ဆက်ကွပ်ကဲပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ယခုအချိန်တွင် ပြည်သူများနှင့်စက်မှုဇုန်များသို့ သတ်မှတ်အချိန်ဇယားအတိုင်း ဖြန့်ဖြူးပေးလျက်ရှိသည့်အတွက် အချိန်ဇယားအတိုင်း စနစ်တကျခွဲဝေပေးပို့သွားရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Frequency Load Shed နှင့် Plan Load Shed များပြုလုပ်၍ မီးဖြတ်တောက်ရသည့်အခါ ပြည်သူများသို့ မီးနှစ်ကြိမ်ဖြတ်တောက်ရခြင်းမျိုးမဖြစ်အောင် စနစ်တကျကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၁၁

# (၈) ကြိမ်မြောက် အာဆီယံကျန်းမာရေးအစုအဖွဲ့ (၁) ၏ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပ



(၈) ကြိမ်မြောက် အာဆီယံကျန်းမာရေးအစုအဖွဲ့ (၁)၏ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံအဆင့်မြှင့်တင်ခြင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မကူးစက်နိုင်သောရောဂါများသည် အရေးကြီးသော ပြည်သူ့ကျန်းမာရေးဦးစားပေးကိစ္စရပ်အဖြစ် အသိအမှတ်ပြုထားသည့်အတွက် ကျန်းမာရေးကဏ္ဍတွင် အရေးကြီးသော လုပ်ငန်းစဉ်များအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးအတွက်ကျေးလက်ဒေသအောက်ခြေအထိ မကူးစက်နိုင်သောရောဂါကုသရေး ဆေးခန်းများဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် စိတ်ကျန်းမာရေး၏အရေးပါမှုကို မီးမောင်းထိုးပြခဲ့ပါသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများတွင် စိတ်ကျန်းမာရေးစောင့်ရှောက်မှုများကိုထည့်သွင်း၍ မွေးစအရွယ်မှ သေဆုံးသည်အထိ စောင့်ရှောက်မှုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထိန်းချုပ်မှုတွင်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးမှုပုံစံများကျင့်သုံးရာတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် တတိယမြောက်ကျင့်သုံးသောနိုင်ငံဖြစ်ကြောင်း။

အာဆီယံ ၂၀၁၅ ခုနှစ်လွန် ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် ၂၀၂၁-၂၀၂၅ နှင့် အာဆီယံကျန်းမာရေးအစုအဖွဲ့များ၏ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် ဆုံးရှုံးသွားသောအချိန်နှင့် အရှိန်အဟုန်ကို အမီလိုက်နိုင်ရန်အတွက် ကျန်းမာရေးဆိုင်ရာ အရင်းအမြစ်များကို အသုံးပြု၍ အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အာဆီယံကျန်းမာရေးကဏ္ဍသည် အမှန်တကယ်ပင် အာဆီယံပြည်သူများ၏ ဘဝနေထိုင်မှုပုံစံကို တန်ဖိုးထားကာ အပြောင်းအလဲဖြစ်စေပြီး ဒေသတွင်း လျင်မြန်စွာပြောင်းလဲနေသော လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်ကို အသိအမှတ်ပြုမှတ်တမ်းတင်ကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ASEAN Health Sector Development အတွက် ဆောင်ရွက်ပြီးစီးမှုများကို ပြန်လည်သုံးသပ်၍ ရှေ့ဆက်ဆောင်ရွက်မည့် ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံများမြှင့်တင်ရေးလုပ်ငန်းများကိုလည်း မြန်မာနိုင်ငံအနေဖြင့် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတွင် တက်ရောက်လာသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ကုသရေး၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုနှင့် သောက်သုံးမှုထိန်းချုပ်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်သားများ၏ကျန်းမာရေးစောင့်ရှောက်မှုပေးရေး၊ စိတ်ကျန်းမာရေး၊ သက်ကြီးရွယ်အိုကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက် ရွေးချယ်ရေးတို့အား ဆွေးနွေးမည်ဖြစ်ပြီး အစည်းအဝေးကို ဇွန်လ ၁၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်တွင်း/ပြည်ပမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇွန် ၁၁

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွင် မြောက်ကိုရီးယားအသင်းကို မြန်မာအသင်း ရှုံးနိမ့်

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (B)အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယနေ့မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ မြောက်ကိုရီးယားအသင်းနှင့် မြန်မာအသင်းတို့ကစားခဲ့ရာ မြောက်ကိုရီးယားအသင်းကို မြန်မာအသင်းက ၄ ဂိုး ၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

မြန်မာအသင်းက ဂိုးသမားနေရာတွင် ကျော်ဇင်လွင်၊ အသင်းခေါင်းဆောင်အဖြစ် မောင်မောင်လွင်၊ ဟိန်းဖြိုးဝင်း၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ လတ်ဝေဖုန်း၊ ဟိန်းထက်အောင်၊ ဆွမ်လမန် အစရှိသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် မြောက်ကိုရီးယားအသင်းက ပွဲစကတည်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများဖြင့် ကစားနိုင်ခဲ့ပြီး မြန်မာအသင်းကလည်း အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့် မြောက်ကိုရီးယားအသင်းမှ ရီဂျီဆောင်းနှင့်ရီဂျုံဂွက်တို့က မြောက်ကိုရီးယားအသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် မြောက်ကိုရီးယားအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက်ဒုတိယပိုင်းတွင် ချေပဂိုးများ လိုအပ်နေသည့်မြန်မာအသင်းက ပိုမိုတိုက်စစ်မြှင့် ကစားလာခဲ့သည့်အတွက် အကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ၅၇ မိနစ်တွင် ဝေလင်းအောင်က မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၈၇ မိနစ်တွင် ရီဂျုံဂွက်က မြောက်ကိုရီးယားအသင်းအတွက် စတုတ္ထမြောက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မြောက်ကိုရီးယားအသင်းက မြန်မာအသင်းကို ၄ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အုပ်စု(B) အခြားပွဲစဉ်တွင် ဂျပန်အသင်းက ဆီးရီးယားအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု (B)အုပ်စုပွဲစဉ်များပြီးဆုံးချိန်တွင် ဂျပန်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ မြောက်ကိုရီးယားအသင်းက ရမှတ်ကိုးမှတ်ဖြင့် ဒုတိယ၊ ဆီးရီးယားအသင်းက ရမှတ်ခုနစ်မှတ်ဖြင့် တတိယ၊ မြန်မာအသင်းက စတုတ္ထနေရာတွင်ရပ်တည်ခဲ့ပြီး ဂျပန်အသင်းနှင့်မြောက်ကိုရီးယားအသင်းတို့က နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

**စည်သူအောင်**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

လာအိုနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် လာအိုနိုင်ငံသည် ဖက်စပ်လုပ်ကိုင်ခြင်းဖြင့် မိမိစိုက်ထုတ်ရင်းနှီးရမည့်ငွေကို လျှော့ချခဲ့သည်။ ဖက်စပ်သဘောသဘာဝအရ ရင်းနှီးမြှုပ်နှံလိုသူက ငွေရင်းသည်၊ အိမ်ရှင်နိုင်ငံက မြေနေရာနှင့်အရင်းအမြစ်ကို ခွင့်ပြုသည်။ ဤအပေါ်တွင် ခွင့်ပြုသည့်နိုင်ငံနှင့် ရင်းနှီးမြှုပ်နှံသူတို့ ရှယ်ယာသတ်မှတ်ပြီး အကျိုးအမြတ်ခွဲဝေယူသည်။ များသောအားဖြင့် ရှယ်ယာသက်သက် ၂၀ မှ ၂၅ ရာခိုင်နှုန်းခန့်ကို အိမ်ရှင်ကရသည်။ အိမ်ရှင်သည် အမြတ်ခွန်ရသည်။ ပြည်ပတင်ပို့ပါက ကုန်သွယ်ခွန်ရသည်။ လုပ်ကိုင်ခွင့်သက်တမ်း (Concession Period) ကို အများအားဖြင့် ၂၃ နှစ်မှ နှစ် ၃၀ ခန့်ထိပေးကြသည်။ ဤသက်တမ်းသည် ရင်းနှီးမြှုပ်နှံမှု၏ အရင်းပြန်ပေါ်မှု အနေးအမြန်ပေါ်တွင်မူတည်၍ အပြောင်းအလဲရှိသည်။ အချို့သော အမြတ်အစွန်းနည်းသည့် ရင်းနှီးမြှုပ်နှံမှုများတွင် အရင်းကြေကာလမှာ နှစ် ၂၀ ခန့်အထိကြာတတ်သည်။ အချို့လုပ်ငန်းများမှာ ၁၀ နှစ်မှ ၁၅ နှစ်ခန့်အတွင်း အရင်းကြေသည်။ ဤကိစ္စဆုံးဖြတ်ရန်အတွက် လုပ်ငန်းမဆောင်ရွက်မီတွင် အသေးစိတ်စူးစမ်းလေ့လာရသည်။ တွက်ချက်ရသည်။ မမျှော်မှန်းနိုင်သောကိစ္စရပ်များပါ ကြို၍စဉ်းစားထားကြရသည်။ မိမိရင်းနှီးမြှုပ်နှံသောနိုင်ငံတွင် မမျှော်မှန်းနိုင်သောအနှောင့်အယှက်များ ကြီးမားစွာပေါ်ပေါက်လာနိုင်ပါက ရင်းနှီးမြှုပ်နှံမည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများက လက်ရှောင်ကြသည်။

ဤကာလအတွင်း အချို့ကတော့ စိတ်ရှည်ရှည်ဖြင့် အချိန်ယူဖြေရှင်းရင်း အလုပ်ဆက်လုပ်သွားနိုင်သည်များလည်းရှိသည်။ အချို့မှာ လုံးဝလုပ်ငန်းရပ်လိုက်ရသည်အထိ ဖြစ်သွားကြသည်။ ဤကဲ့သို့အခြေအနေမျိုးရှိလာနိုင်သောနိုင်ငံများအတွက် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ရမှုခက်ခဲသည်။ နိုင်ငံကလည်း ငွေမရှိ၍မရင်းနိုင်၊ ရေရှည်တွင် ပညာလည်းမရ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုပါ နှေးကွေးသွားတတ်သည်။ ဓာတ်အားထုတ်လုပ်မှုကိစ္စများတွင် ဤကိစ္စမျိုး ပိုမိုတွေ့ကြုံရတတ်သည်။

မိမိနိုင်ငံပိုင်ငွေကလည်းမရှိ၊ ကမ္ဘာကလည်း လက်ရှောင်ဖြစ်လာလျှင် ဆုံးလွယ်နပ်လွယ်ဓာတ်အားရရှိနိုင်မည့်ကိစ္စများဘက်သို့ ရင်းနှီးမြှုပ်နှံသူများလည်း ထွက်သွားတတ်သည်။ အခြားသောအပူစွမ်းအင်အရင်းအမြစ်သုံး ဓာတ်အားပေးစက်ရုံများကို အားပြုလာတတ်ကြသည်။ ဓာတ်အားခမှာ နှစ်ဆခန့်ဈေးကြီးသွားနိုင်သည်။

လာအိုနိုင်ငံ၌ ရေအားလျှပ်စစ်စီမံကိန်းများအတွက် ရင်းနှီးမြှုပ်နှံနေကြသူများတွင် ဥရောပနိုင်ငံများနှင့် ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံတို့မှ ကုမ္ပဏီများ အများစုပါနေပြီး အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်တို့ကလည်း လာအိုနိုင်ငံအတွက် ထည့်ဝင်ငွေရှယ်ယာအဖြစ် အတိုးနှုန်းအသက်သာဆုံးသောငွေကို ချေးငှားပေးကြသည်။ ထိုင်းနိုင်ငံမှဘဏ်များနှင့် ထိုင်းကုမ္ပဏီတွေကလည်း အားတက်သရော ရှယ်ယာထည့်ဝင်ကြသည်။

ရေအားလျှပ်စစ်စီမံကိန်းကြီးများတည်ဆောက်ရာမှာ မိမိပိုင်ငွေမလိုပါ။ မိမိ၏ ရေ၊ မြေကို အသုံးချခွင့်ကိစ္စအပေါ် ပတ်ဝန်းကျင်နိုင်ငံများနှင့်ချိန်ထိုး၍ ရှယ်ယာနှင့်အကျိုးအမြတ်ခွဲဝေခြင်း၊ လုပ်ကိုင်ခွင့်ကာလညှိနှိုင်းခြင်း၊ ရင်းနှီးမြှုပ်နှံသူအတွက် ဥပဒေဖြင့်အကာအကွယ်များပေးနိုင်ခြင်း စသည့်အချက်သုံးချက်သာ ဆောင်ရွက်ပေးရန်လိုသည်။

ရင်းနှီးမြှုပ်နှံသူများယူဆောင်လာသည့် နိုင်ငံခြားငွေနှင့် ပြည်တွင်းငွေအများစုမှာ နိုင်ငံတွင် အရင်းအနှီးအဖြစ် ကျန်ရှိနေခဲ့မည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုတက်လေ၊ ပြည်ပပို့ကုန်တင်ပို့မှုမြင့်တက်ပြီး နိုင်ငံစီးပွားရေးတိုးတက်လေဖြစ်သည်။

ရင်းနှီးမြှုပ်နှံသူများသည့် လာအိုနိုင်ငံသည် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများရှိနေသည်ဟုဆိုသည်။ ဒေါ်လာဘီလီယံရာချီသောငွေတို့ပိုင်နိုင်ငံခြားငွေများ ယူဆောင်လာပြီး နှစ်ရှည်စီမံကိန်းကြီးများတွင် ရင်းနှီးနေကြသည်။

လာအိုနိုင်ငံအစိုးရသည် ရေရှည်အကျိုးကိုမျှော်မှန်း၍ ရေရှည်တည်တံ့စေမည့်တိုးတက်မှု (Sustainable Development) ဖြစ်အောင် ဆောင်ရွက်နေသည်။

လာအို၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့၏ နိုင်ငံရေးစနစ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါတီက ဦးဆောင်လမ်းညွှန်မှုပေးသည်။ အစိုးရက အကောင်အထည်ဖော်သည်။ ပြည်သူထောက်ခံမှု၊ လက်ခံမှုဆိုသောကိစ္စအပေါ် ဖြေရှင်းနည်းမှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။ လိုအပ်ပါက တစ်နိုင်ငံလုံးမှ ပါတီကိုယ်စားလှယ်များ စုံညီတက်ရောက်သည့် ပါတီညီလာခံတွင် မဲခွဲဆုံးဖြတ်ပြီး ဆောင်ရွက်နိုင်သည်။ ပါတီညီလာခံထဲမှာပင် လိုအပ်သည့်အကြံဉာဏ်များကို ပြည်သူ့ကိုယ်စား တင်ပြနိုင်သည်။ ဆွေးနွေးနိုင်သည်။ ပါတီညီလာခံတွင်လည်း သက်ဆိုင်ရာရေးရာကော်မတီများက ပညာရှင်များကိုဖိတ်ကြား၍ ကြားနာသင့်သည့်ကိစ္စများကို ကြားနာသည်။ အကယ်၍ ပါတီညီလာခံက ဆုံးဖြတ်ချက်ချလိုက်ပြီဆိုလျှင်တော့ တစ်နိုင်ငံလုံးက လိုက်နာဆောင်ရွက်ကြရသည်။ မူဝါဒများချမှတ်ပြီးဖြစ်ပါက အဆင့်ဆင့်ကလိုက်နာ၍ ဆက်လက်အောင်မြင်အောင် အကောင်အထည်ဖော်ကြသည်။

ဒီမိုကရေစီနိုင်ငံငယ်များတွင်မူ အစိုးရတစ်ဆက်နှင့် နောက်အစိုးရတစ်ဆက် အချို့မူဝါဒများ မတူကြပေ။ နောက်ဆုံးပန်းတိုင်မှာ နိုင်ငံဖွံ့ဖြိုးရေးဟုဆိုပြီး ပန်းတိုင်တူသယောင်ထင်ရသော်လည်း အပြောင်းအလဲများလွန်းသည့်အခါ ခရီးမတွင်ဖြစ်တတ်ကြသည်။ လွှတ်တော်တွင်း အဆိုတင်သွင်း၍ ကိုယ်စားလှယ်အများစုက ထောက်ခံအတည်ပြုထားသော ဆုံးဖြတ်ချက်များကိုလည်း အစိုးရများက အကောင်အထည်ဖော်ရန်လိုသည်။

> “ရေအားလျှပ်စစ်စီမံကိန်းကြီးများတည်ဆောက်ရာမှာ မိမိပိုင်ငွေမလိုပါ။ မိမိ၏ ရေ၊ မြေကို အသုံးချခွင့်ကိစ္စအပေါ် ပတ်ဝန်းကျင်နိုင်ငံများနှင့်ချိန်ထိုး၍ ရှယ်ယာနှင့် အကျိုးအမြတ်ခွဲဝေခြင်း၊ လုပ်ကိုင်ခွင့်ကာလညှိနှိုင်းခြင်း၊ ရင်းနှီးမြှုပ်နှံသူအတွက် ဥပဒေဖြင့် အကာအကွယ်များပေးနိုင်ခြင်း စသည့်အချက်သုံးချက်သာ ဆောင်ရွက်ပေးရန်လို...”

အစိုးရအဖွဲ့နှင့် လွှတ်တော်နှစ်ရပ်တွင် ပါဝင်ပတ်သက်နေသူများ၏ ပညာအရည်အချင်း၊ အတွေ့အကြုံ၊ ဆင်ခြင်တုံတရား၊ ပညာရပ်ပေါင်းစုံအပေါ် လွှမ်းခြုံကြည့်နိုင်မှု စသည့်အချက်များ ပြည့်စုံရန်လိုသည်။

ရှေ့အခန်းတွင်ဖော်ပြခဲ့သလို ကိုလံဘီယာမြစ်ကြီးကို အလုံးစုံအကျိုးရှိရေးအတွက်ဆောင်ရွက်ရန် ဥပဒေပါပြဋ္ဌာန်းပေးခဲ့သည်။ ဥပဒေသည် အမိန့်မဟုတ်။ လမ်းညွှန်ချက်မဟုတ်။ ဆောင်ရွက်သူတိုင်းလည်း ဤဥပဒေဘောင်အတွင်းမှသာ ဆောင်ရွက်ခွင့်ရှိသည်။ ပြည်သူများသည်လည်း ဤဥပဒေနှင့်အညီသာ တင်ပြ၊ ပြောဆိုကြရသည်။

ဒီမိုကရေစီကျင့်စဉ်ကို ဦးစားပေးပါသည်ဆိုသော အာရှ၏ထိပ်သီးပါတီစုံစနစ်ကျင့်သုံးနေသော စင်ကာပူနိုင်ငံကို နမူနာကြည့်နိုင်သည်။ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကိုလည်း နမူနာယူနိုင်သည်။ နိုင်ငံအလိုက် ဒီမိုကရေစီပေတံများ အတိုအရှည်ကွာနေသည်ကို တွေ့ရမည်။ နိုင်ငံတိုင်းတွင် ပုံစံတူမဟုတ်သည်ကို တွေ့ရမည်။ နိုင်ငံ၏သမိုင်းကြောင်း၊ လူတစ်ဦးချင်းစီ၏စရိုက်လက္ခဏာ၊ စာပေပညာအပါအဝင် ဗဟုသုတကြွယ်ဝမှု၊ လူဦးရေ၊ နိုင်ငံ၏ပထဝီတည်နေရာ၊ လူမျိုးစုများအပါအဝင် ထည့်သွင်းစဉ်းစားစရာများ ဘက်စုံထည့်သွင်းစဉ်းစားဆောင်ရွက်နေကြသည်ကို တွေ့နိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ရန်ကုန်၊ သင်တန်း**

# ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) လူထုအခြေပြုဗဟိုဌာန၌ သတင်းရေးသားနည်းသင်တန်းဖွင့်လှစ်



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်၌ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန်ရည်ရွယ်၍ သတင်းရေးသားနည်းသင်တန်းကို ဇွန်လ ၁၀ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ဖွင့်လှစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးဌေးလင်းက သင်တန်း၌ သင်ကြားမည့်သင်ခန်းစာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဦးခင်မောင်ကျော်ဒင် စာတည်းမှူးချုပ် (ငြိမ်း) က သတင်းအခြေခံသဘောတရား၊ သတင်းတုံ့ပြန်ရေးသားနည်းနှင့် သတင်းဆောင်းပါးရေးသားနည်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက သတင်းမှားတိုက်ဖျက်ခြင်း၊ မီဒီယာဆိုင်ရာသိနားလည်မှုနှင့် လူထုဆက်သွယ်ရေးနည်းလမ်းများခေါင်းစဉ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးဌေးလင်းက Content ရေးသားနည်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချို က သတင်းသမားများလိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များ၊ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို သင်ကြားပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ဇွန်လ ၁၁ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ဦးစီးအရာရှိများ၊ အငယ်တန်းစာရေးများနှင့် ဓာတ်ပုံကျွမ်းကျင်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့်တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander Azizov တို့ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇွန် ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင် အေးနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်း အနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov နှင့်တာဝန်ရှိသူများက ရင်းရင်းနှီးနှီးကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနား ကိုစတင်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov က နှုတ်ခွန်း ဆက်စကားပြောကြားသည်။ ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှု အဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအဆို၊ အက များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီးနောက် ညှော်ခံပွဲအခမ်း အနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညှော်ခံပွဲသို့တက်ရောက်လာ ကြသူများအား သံအမတ်ကြီးက ညစာ စားပွဲဖြင့် တည်ခင်းညှော်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိ ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံ များ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိ သည်။

(၁၀၀)

# တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့- GACC သို့မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့- GACC သို့ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များနှင့် စိုက်ပျိုး ရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးမြို့ ၃၄ လမ်းနှင့် ၇၈ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ညီနောင်အသင်း အဖွဲ့များနှင့်ကုမ္ပဏီများမှ ကိုယ်စားလှယ် များ ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်း ပြည်နယ် ကုန်သည်ကြီးများအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ လယ်ယာ စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့လျက်ရှိ သောပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေ ဖြင့် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ - GACC ၏ လမ်းညွှန်ချက်နှင့်အညီ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ GACC သို့ မှတ်ပုံတင် လျှောက်ထားရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စာရွက်စာတမ်းဖြင့်ဖြစ်စေ အွန်လိုင်းစနစ်ဖြင့်ဖြစ်စေ လျှောက်ထားရာတွင် အချက်အလက်များ မှန်ကန်စွာဖြည့်သွင်း ဆောင်ရွက်ရန်နှင့် စစ်ဆေးရေးဆောင်ရွက်ရာ တွင် လျှောက်ထားသည့်ကုမ္ပဏီများအနေဖြင့် ကြိုတင်ပြင်ဆင်ရမည့်အချက်အလက်များ သိရှိနားလည်စေရန် ဆောင်ရွက်ခြင်းလည်း ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့- GACC တို့အကြား အပင်ပိုးမွှားရောဂါ ကင်းရှင်းရေးဆိုင်ရာ လိုအပ်ချက်သဘောတူ စာချုပ် (SPS Protocol) များ လက်မှတ် ရေးထိုးထားရှိမှုမှာ သီးနှံအနေဖြင့် ဆန်၊ ပိုးအိမ်ခြောက်၊ ပြောင်းနှင့် ငှက်ပျောစသည့် Protocolလေးခု၊ မွေးမြူရေးနှင့် သဘာဝမှဖမ်းဆီးရရှိသည့် ရေထွက်ပစ္စည်း တင်ပို့ခြင်းနှင့် သက်ဆိုင်သော Protocol နှစ်ခုနှင့် ကျွဲ၊ နွားအရှင်တင်ပို့ရေးနှင့် သက်ဆိုင်သည့် Protocol တစ်ခု စုစုပေါင်း ခုနစ်ခု ဖြစ်ပြီး ဆက်လက်၍ ပို့ကုန်အလား အလာရှိသော SPS Protocol များ လက်မှတ် ရေးထိုးနိုင်ရေးအတွက်လည်း ညှိနှိုင်းဆောင် ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အသိပညာပေးအစီအစဉ် ဖွင့်လှစ်ပို့ချရခြင်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အစီအစဉ် ဒုတိယပိုင်းတွင် စိုက်ပျိုးရေး ဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြား ရေးမှူးနှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာ ပိုင်အဖွဲ့- GACC သို့ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးထွက်ကုန်များ စစ်ဆေးခြင်းဆိုင်ရာများကို အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၏လယ်ယာထွက်ပစ္စည်း တင်ပို့မှု စုစုပေါင်း ၃၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပြီး အရေးကြီးသည့် ကုန်သွယ်ဖက် နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်မှုဆိုင်ရာ လိုအပ်ချက်များကို ကုမ္ပဏီများ လိုက်နာ ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ယခု ဖွင့်လှစ်ပို့ချသည့် "အသိပညာပေးအစီအစဉ်" သည် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ် ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေး ထွက်ကုန်များ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း(မန္တလေး)တွင် ဓာတ်ခွဲခန်းပညာရှင် များနှင့်တွေ့ဆုံ၍ ခေတ်စနစ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် ဓာတ်ခွဲခန်း ပညာရပ်အသစ်များ စဉ်ဆက်မပြတ်ဆည်းပူး လေ့လာသွားကြရန်နှင့် ပညာရှင်အချင်းချင်း နည်းပညာမျှဝေဖလှယ်သော အလေ့အကျင့် ကောင်းများဖြင့် စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်ဓာတ်ခွဲခန်းပညာရှင်များ မွေးမြူ ပျိုးထောင်ပေးရန်လိုအပ်ချက်များကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာကဏ္ဍ ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံ စီးပွားမြင့်တင်ရေးရန်ပုံငွေစီမံကိန်းနှင့် ပြည်တွင်းစားသုံးဆီဖူလုံရေး စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင် ရွက်နိုင်ရေး၊ အဓိကသီးနှံ ၁၀ မျိုး ပန်းတိုင် အထွက်ရရှိရေး ကျရာကဏ္ဍက ပညာရှင် ဆန်သော စွမ်းဆောင်မှု ထုတ်ဖော်ပြသနိုင် ရေးနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေကျင့်ဝတ်သိက္ခာ နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့်မြို့နယ် များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူ များနှင့် မြို့နယ်လေးခုမှ ဒေသခံတောင်သူ များကို တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၁

# (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ် တက်ရောက်ခဲ့သော ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဇွန်လ ၅ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် (27th St. Petersburg International Economic Forum - SPIEF-2024) တက်ရောက်ပြီး ဇွန်လ ၁၀ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်ကို ၁၉၉၇ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပြီး ၂၀၀၆ ခုနှစ်မှ စတင်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ကမကထပြုမှုဖြင့် ဆောင်ရွက်ကာ ဖိုရမ်ပြုလုပ်သည့်အခမ်းအနားတိုင်းတွင်လည်း သမ္မတကိုယ်တိုင်တက်ရောက်ချီးမြှင့် ဆွေးနွေးပြောကြားပြီး ရုရှားနိုင်ငံ လက်ရှိဆောင်ရွက်လျက်ရှိသော အဓိက စီးပွားရေးကဏ္ဍများ၊ အစဉ်အမြဲကြီးထွားလာသည့်ဈေးကွက်များနှင့် မျက်မှောက်ခေတ်ကမ္ဘာ့စီးပွားရေးအခြေအနေများကို နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများအကြား ဆွေးနွေးဆက်သွယ် ဆောင်ရွက်နိုင်ရန်အတွက် ယခုဖိုရမ်သည် ကမ္ဘာလုံးဆိုင်ရာ ပလက်ဖောင်းတစ်ခုအဖြစ် ဦးဆောင်ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိက စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၅ ရက် နံနက်ပိုင်းက ဥရောပအာရှ စီးပွားရေးကော်မရှင်၊ မေခရိုစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး Mr. Sergei Yurievich Glazyev နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် အီးအေအီးယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး၊ အီးအေအီးယူ၏ဒေသတွင်းစီးပွားရေး ပေါင်းစည်းဆောင်ရွက်မှုများကို လေ့လာရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား လက်မှတ်ရေးထိုးပြီးဖြစ်သည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအရ ပူးတွဲလုပ်ငန်းအဖွဲ့ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ရုရှားသမ္မတ၏အကြံပေး ရုရှားရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ ဥက္ကဋ္ဌ Mr. Anton Kobyakov ခေါင်းဆောင်သော ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံပြီး ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၆ ရက် မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maksim Reshetnikov ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကော်မရှင်အစည်းအဝေး၏ အစည်းအဝေးမှတ်တမ်းအရ ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ မြန်မာ-ရုရှားစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလမ်းပြမြေပုံ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏ ပို့ဆောင်ရေးနှင့်အခြေခံအဆောက်အဦဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Igor Levitin ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ပို့ဆောင်ရေးနှင့် အခြားကဏ္ဍများတွင် အခြေခံအဆောက်အဦဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရုရှား-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Ivan Viktorovich Polyakov တည်ခင်းဧည့်ခံသော အလုပ်သဘောညစာစားပွဲသို့တက်ရောက်ပြီး ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဇွန်လ ၇ ရက်တွင် ရုရှားနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Roman Vladimirovich Starovoyt ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံအကြားလေကြောင်းလိုင်းပြေးဆွဲနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များ၊ ရထားပို့ဆောင်ရေးကဏ္ဍတွင် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ဖိုရမ်တက်ရောက်စဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီးများက ဖိုရမ်၏Panelist များအနေဖြင့် တက်ရောက်ဆွေးနွေးကြရာ ဇွန်လ ၆ ရက် နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က EAEU-ASEAN Business Dialogue ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဇွန်လ ၇ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက The Economic of Health: Effectively Managing Health and Improving Quality of Life ခေါင်းစဉ်ဖြင့် လည်းကောင်း တက်ရောက် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ထို့ပြင် သီးခြားတွေ့ဆုံမှုများအနေဖြင့် ဇွန်လ ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ခေါင်းဆောင်သောအဖွဲ့နှင့် ရုရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး Dr. Mikhail Murashko တွေ့ဆုံခဲ့ပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲရေးကိစ္စရပ်များနှင့် တောင်ကြီးစဝ်စံထွန်းဆေးရုံတွင် ကင်ဆာရောဂါ ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားနိုင်ငံမှ ကင်ဆာရောဂါကုသမှုဆေးဝါးများ တင်သွင်းဖြန့်ချိရေးနှင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၇ ရက် ညနေပိုင်းတွင် (၂၇)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum-Plenary Session)သို့ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်က မိန့်ခွန်းပြောကြား၍ နိုင်ငံတကာစီးပွားရေးဖိုရမ်၏ ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ဗိုလစ်ဗီးယားနိုင်ငံသမ္မတ Mr. Luis Arce နှင့် ဇင်ဘာဘွေနိုင်ငံသမ္မတ Mr. Emmerson Mnangagwa တို့က ပါဝင် ဆွေးနွေးကြသည်။



မြန်မာကိုယ်စားလှယ်အဖွဲ့သည် နည်းပညာဆိုင်ရာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် သီးခြားတွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ရာ ဇွန်လ ၆ ရက် နံနက်ပိုင်းတွင် ရုရှားနိုင်ငံ၏ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီဖြစ်သည့် PJSC Gazprom Company မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် စွမ်းအင်ဆိုင်ရာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့် အခြေအနေများကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် FESCO Transportation & Logistics Company မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးနှင့်ထောက်ပံ့ဖြည့်ဆည်းစီမံဆောင်ရွက်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ ဇွန်လ ၇ ရက် မွန်းလွဲပိုင်းတွင် Business Russia နှင့် Aquarius နည်းပညာကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့်ရင်းနှီးမြှုပ်နှံနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်  ဇွန်  ၁၁


# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာ နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်မြင်သူ ၄၇၈၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်း ၅၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိ

၂၀၂၄ ခုနှစ် မတ်လ ၁၁ ရက်မှ ၁၉ ရက်အထိ တက္ကသိုလ်ဝင်စာမေးပွဲကို ကျင်းပခဲ့ရာ ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌လည်းကောင်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ၌လည်းကောင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများ ထုတ်ပြန်ကြေညာခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝင်ရောက်ဖြေဆိုသူ ၈၄၂၈ ဦးရှိသည့်အနက် အောင်မြင်သူ ၄၇၈၆ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းအနေဖြင့် ၅၆ ဒသမ ၇၉ ရာခိုင်နှုန်းရှိကြောင်း သိရသည်။










ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စာစစ်ဌာနဖွင့်လှစ်ထားသောကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြသည်။

"ကျွန်မတို့ စာစစ်ဌာနအနေနဲ့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူ ၂၈၀ ဦးရှိပြီး ၁၄၀ ဦး အောင်မြင်တဲ့အတွက် အောင်ချက်ရာခိုင်နှုန်းအားဖြင့် ၅၀ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို နံနက် ၄ နာရီကနေစပြီးတော့ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ကနေ ထုတ်ပြန်ပေးခဲ့ပြီး စာစစ်ဌာနက ကျောင်းတွေမှာတော့ နံနက် ၆ နာရီဆို အောင်စာရင်းတွေကို ထုတ်ပြန်ပါတယ်။ ဂုဏ်ထူးရရှိမှုအနေနဲ့ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးနဲ့ တစ်ဘာသာဂုဏ်ထူးရှင် ၁၅ ဦး ဖြစ်ပါတယ်"ဟု အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ရီက ပြောသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြေဆိုအောင်မြင်မှုအနေဖြင့် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၇၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၀၂၆ ဦး စုစုပေါင်း ၁၃၀၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၂၈ ရာခိုင်နှုန်း၊ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူ ၂၄၀ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၀၆၂ ဦး စုစုပေါင်း ၁၃၀၂ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၈ ဒသမ ၅၂ ရာခိုင်နှုန်း၊ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၂၃၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၈၅၈ ဦး စုစုပေါင်း ၁၀၉၄ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၆ ဒသမ ၇၇ ရာခိုင်နှုန်း၊ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၈၂ ဦး၊ ရိုးရိုးအောင်မြင်သူ ၉၀၆ ဦး စုစုပေါင်း ၁၀၈၈ ဦး၊ အောင်ချက်ရာခိုင်နှုန်း ၅၃ ဒသမ ၂၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုအောင်မြင်ခဲ့သူတစ်ဦးက "ဒီနေ့မျှော်မှန်းထားသလို တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့တဲ့အတွက် အင်မတန်ဝမ်းသာပီတိဖြစ်မိပါတယ်။ ကိုယ့်ရဲ့ ကြိုးစားမှုရလဒ်ပေါ်မှာ မိဘတွေပျော်ရွှင်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ အခုလို အောင်မြင်မှုရရှိအောင် ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ မိဘနှစ်ပါးနဲ့ ဆရာ၊ ဆရာမတွေအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ စာမေးပွဲအောင်မြင်ကြတဲ့ သူငယ်ချင်းတွေအတွက်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မိမိဝါသနာပါတဲ့ ဘာသာရပ်တွေကို ဆက်လက်လေ့လာသင်ယူချင်ပေမယ့် အမှတ်စာရင်းအပေါ်မှာမူတည်ပြီးတော့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထို့ပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပေးသည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ဝင်ရောက်ဖြေဆိုသူ သုံးဦးအနက် နှစ်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူ တစ်ဦးရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၄ နာရီအချိန်မှစတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ပေးခဲ့ရာ ဝင်ရောက်ကြည့်ရှုသူများပြားကြောင်းသိရသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏အောင်စာရင်းများကို မြန်မာ့အသံရေဒီယို အစီအစဉ်မှလည်း ကြေညာပေးခဲ့ပြီး အောင်စာရင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါက မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်  ဇွန်  ၁၁

# ဇေယျာသီရိမြို့နယ်၌ စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ရာနှုန်းပြည့်စိုက်ပျိုးရေး တောင်သူများဖြင့်တွေ့ဆုံဆွေးနွေး

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး တောင်သူများဖြင့် တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် သစ်တပ်ကျေးရွာအုပ်စု ရှားစေးဖိုကျေးရွာ ဘက်စုံသုံးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်က စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက အပင်ပေါက်ညီညာခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ ဆေးဖျန်းရလွယ်ကူခြင်း၊ ပေါင်းမြက်ကင်းစင်ရလွယ်ကူခြင်း၊ မျိုးကွဲနုတ်ပယ်ရလွယ်ကူခြင်း၊ ပိုးမွှားရောဂါ ကင်းထောက်စစ်ဆေးရလွယ်ကူခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း စပါးမျိုးစေ့ချကိရိယာဖြင့် ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန်အတွက် အခက်အခဲများရှိပါက တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးပြေသိန်းက စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက နည်းပညာပိုင်းကူညီဆောင်ရွက်ပေးမည့် အရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် တောင်သူများက စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာဝယ်ယူသုံးစွဲနိုင်ရေး အခြေအနေများကို တင်ပြဆွေးနွေးရာ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စက်မှုလယ်ယာဦးစီးဌာနနှင့် ချိတ်ဆက်၍ စပါးစိုက်တောင်သူများ စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၁၃)



ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ဇွန်လ ၁၀ ရက်တွင် ၂၀၂၄ ခုနှစ် မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၂၅၀ ဦးတက်ရောက်ကြပြီး ပျိုးပင်ပေါင်း ၅၂၅ ပင်အား စုပေါင်းစိုက်ပျိုးကြစဉ်။ ပြည့်စုံအောင်

**♫♫ သဇင်(FM) အသံလွှင့် အစီအစဉ် ♫♫**

၁၂-၆-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၅/၂၀၂၄)

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ ပုဒ်မခွဲ (က) နှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၆ တို့တွင် ပညာသင်ယူခွင့်နှင့်စပ်လျဉ်း၍ ဖော်ပြပါရှိပါသည်။

၂။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ တို့အရ အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ လူငယ်သင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများမှ ကလေးသူငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်တန်းပညာရေး ဆက်လက်သင်ယူလိုသည့် အကျဉ်းသား/ အကျဉ်းသူများရှိပါက သက်ဆိုင်ရာဌာနမှ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပြုခဲ့ပါသည်။

၃။ ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်း အောင်စာရင်းများကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ရာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနက် အကျဉ်းဦးစီးဌာနအောက်ရှိ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇ ဦးနှင့် မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၆ ဦး၊ စုစုပေါင်း အကျဉ်းသား ၂၃ ဦး အောင်မြင်ခဲ့ပါသည်။ အောင်မြင်သူများတွင် ၄ ဘာသာဂုဏ်ထူးရှင် ၁ ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် ၂ ဦးနှင့် ၁ ဘာသာဂုဏ်ထူးရှင် ၃ ဦး ပါဝင်ပါသည်။ ၄ ဘာသာဂုဏ်ထူးရှင်သည် ဝိဇ္ဇာဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး တတိယအမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းနှင့် လူငယ်သင်တန်းကျောင်းများမှ လူငယ်သင်တန်းသား ၈ ဦး၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ သင်တန်းသား ၂ ဦး အောင်မြင်ခဲ့ကြောင်း သိရှိရပါသည်။

၄။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၊ လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များ၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုအပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ အကျဉ်းသား/ အကျဉ်းသူများ၏ ပညာသင်ယူခွင့် အခွင့်အရေး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်

နေပြည်တော် ဇွန် ၁၁

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်များကျင်းပ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး (Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့်များမှစတင်၍ အသိပညာပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း၌ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၃၀ ဦးကို ကော်မရှင်ရုံးခွဲ (မန္တလေး)မှ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များတွင် ပြဋ္ဌာန်းထားသည့် သင်ခန်းစာအကြောင်းအရာများကိုအခြေခံ၍ အသိပညာပေးဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

မန္တလေး ဇွန် ၁၁

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများထုတ်ပြန်ကြေညာ၊ မန္တလေးတိုင်းဒေသကြီးတွင် အောင်မြင်သူ ၁၂၄၁၄ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိ



၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ ယနေ့တွင် တစ်ချိန်တည်း ထုတ်ပြန်ကြေညာခဲ့ရာ တိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၁၉၄၄၂ ဦးရှိသည့်အနက်အောင်မြင်သူ ၁၂၄၁၄ ဦးရှိပြီး အောင်မြင်မှုရာခိုင်နှုန်းမှာ ၆၃ ဒသမ ၈၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

နံနက် ၆ နာရီမှ စတင်၍ မန္တလေးမြို့ရှိ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ထုတ်ပြန်ကြေညာပေးခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ စိတ်အားထက်သန်စွာ လာရောက်ကြည့်ရှုကြပြီး တာဝန်ကျဆရာ၊ ဆရာမများကလည်း စည်းကမ်းတကျဖြင့် စနစ်တကျကြည့်ရှုနိုင်စေရေး ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါစာမေးပွဲအောင်စာရင်းထုတ်ပြန်မှုနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ချိုက "ဒီနှစ်ကျွန်တော်တို့ တိုင်းဒေသကြီးအောင်ချက်အနေနဲ့ တစ်နိုင်ငံလုံး အောင်ချက်နဲ့နှိုင်းယှဉ်ရင် တတိယအဆင့်မှာ ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ မြန်မာတစ်နိုင်ငံလုံး Top 10 ဝင်သူ သုံးယောက်ရှိပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေဖြေဆိုကြရတာလည်း သင်ရိုးသစ်ဖြစ်ပါတယ်။ သင်ရိုးသစ်ကလည်း နိုင်ငံတကာပညာရေးစံချိန်တွေနဲ့ ပြင်ထားတဲ့ သင်ရိုးဖြစ်ပါတယ်။ ဒီသင်ရိုးအောင်မြင်သွားရင် နိုင်ငံတကာတန်းဝင် ပညာရေးနဲ့ အောင်မြင်တယ်လို့ သတ်မှတ်လို့ရပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ တစ်နိုင်ငံလုံးအောင်ချက် တတိယအဆင့်မှာ ရရှိအောင် ပညာရေးဝန်ထမ်းအားလုံးနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ဝိုင်းဝန်းကြိုးစားမှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျေနပ်အားရမှုရှိပါတယ်" ဟုပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ အဆင့်ငါးရရှိခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မသက်မြတ်စံက "အခုလိုထူးချွန်စွာ အောင်မြင်ဖို့အတွက် တော်တော်ကြိုးစားခဲ့ရပါတယ်။ စာတွေကိုလည်း နှစ်စကစပြီး မပြတ်လေ့လာခဲ့ရပါတယ်။ အခုလိုအောင်မြင်တဲ့အတွက်လည်း ဝမ်းသာပျော်ရွှင်ရပါတယ်။ ခြောက်ဘာသာလောက်ပဲရည်မှန်းခဲ့ပေမယ့် အခုလို မြန်မာတစ်နိုင်ငံလုံးမှာ အဆင့်ငါး ရရှိတဲ့အတွက်လည်း မိသားစုအနေနဲ့ အတိုင်းမသိပျော်ရွှင်နေကြပါတယ်။ စနစ်သစ်ရဲ့ပထမဆုံးစာမေးပွဲမှာ ထူးချွန်စွာ



ဖြေဆိုနိုင်ခဲ့တဲ့အတွက် ကျေနပ်အားရဖြစ်မိပါတယ်။ နောက်ထပ်စာမေးပွဲဖြေမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့စာတွေကို ကြိုးစားသင်ယူပြီး အကောင်းဆုံးဖြေဆိုနိုင်မယ်ဆိုရင် မိမိတို့ရည်မှန်းထားတဲ့ အောင်မြင်မှုကိုရရှိမှာဖြစ်ပါတယ်"ဟု ပြောသည်။

ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးဖွေးဖွေးက "ဒီလိုစာမေးပွဲအောင်မြင်ခဲ့ဖို့ ကျောင်းစတက်ကတည်းက တစ်နေ့စာ တစ်နေ့အပြီး ပုံမှန်လေ့ကျင့်ပါတယ်။ သူငယ်ချင်းတွေနဲ့လည်း အတူတူ ကျက်မှတ်ဖြစ်ပါတယ်။ အောင်စာရင်းမထွက်ခင် တစ်ရက်အလိုလောက်ကတည်းက စိတ်တွေလှုပ်ရှားပြီး တစ်ညလုံး မအိပ်ခဲ့ရပါဘူး။ အခုငါးဘာသာဂုဏ်ထူးနဲ့အောင်မြင်တယ်



ဆိုတော့ဝမ်းသာမိပါတယ်။ ကျွန်မအနေနဲ့ ဆေးတက္ကသိုလ် တက်ရောက်ဖို့လည်း ရည်မှန်းထားပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း အခွင့်အရေးရတဲ့အချိန်မှာကြိုးစားရင် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိမယ်လို့ ပြောကြားလိုပါတယ်" ဟုပြောသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို သက်ဆိုင်ရာစာစစ်ဌာနကျောင်းများ၌ ကြည့်ရှုနိုင်မည့်အပြင် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးခဲ့သည်။

CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မြမြသန်းက "ကျွန်မတို့ကျောင်းအနေနဲ့ အောင်ချက်ရာခိုင်နှုန်းက ၉၉ ဒသမ ၂ ရာခိုင်နှုန်းဖြစ်ပါတယ်။ နောက်ပြီး ဘာသာစုံဂုဏ်ထူးထွက်ရှိပြီး အမှတ်ပေါင်း ၅၅၂ မှတ်နဲ့ မြန်မာတစ်နိုင်ငံလုံးမှာ တတိယအမှတ်အများဆုံးရရှိတဲ့ ကျောင်းသူတစ်ယောက်လည်း မွေးထုတ်နိုင်ခဲ့ပါတယ်။ ဒီလိုထူးချွန်တဲ့ ကျောင်းသား၊ ကျောင်းသူတွေထွက်ပေါ်လာဖို့အတွက် ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးစားမှုကြောင့်လည်းဖြစ်သလို ဆရာ၊ ဆရာမတွေရဲ့ အသင်အပြကောင်းမှုကြောင့်လည်း ဖြစ်ပါတယ်။ အားလုံးစုပေါင်းအားကြောင့် အောင်မြင်ခြင်းဖြစ်ပါတယ်"ဟုပြောသည်။

လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မောင်အောင်ထွဋ်ဝင်းကလည်း "အခုလို ဂုဏ်ထူးနဲ့ အောင်မြင်တဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်တော့်မိဘတွေ



အတွက်လည်း ကျွန်တော်တာဝန်ကျေပွန်တယ်လို့ ခံစားရပါတယ်။ မိဘတွေပျော်ရွှင်နေတာကြည့်ပြီး ကျွန်တော်က နှစ်ဆပျော်ရွှင်ရပါတယ်။ ကျွန်တော်အင်ဂျင်နီယာဖြစ်အောင်ကြိုးစားပြီး နိုင်ငံအတွက်သားကောင်းရတနာအဖြစ်နဲ့ တစ်ဖက်တစ်လမ်းက တာဝန်တွေကိုထမ်းဆောင်သွားမှာပါ"ဟု ပြောသည်။

ထို့ပြင် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးဗဟိုအကျဉ်းထောင်စာစစ်ဌာန၌လည်း အကျဉ်းသား ၁၅ ဦးနှင့် အကျဉ်းသူ နှစ်ဦး စုစုပေါင်း ၁၇ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး အကျဉ်းသား ၁၄ ဦးနှင့် အကျဉ်းသူ နှစ်ဦး အောင်မြင်ခဲ့ကြကာ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးထွက်ပေါ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

နေပြည်တော် ဇွန် ၁၁

# ကယားပြည်နယ်အစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများနှင့်ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များထောက်ပံ့ပေးအပ်



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ယာယီနေရပ်စွန့်ခွာသူဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်စဉ်။

ကယားပြည်နယ်အစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများနှင့် ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများအား ထောက်ပံ့ငွေ၊ အခြေခံစားသောက်ကုန်၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် ရိုးသုံးစက်ကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ကယားပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအသီးသီးမှ ယာယီနေရပ်စွန့်ခွာသူ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တိုင်းမှူးတို့က ကယားပြည်နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းစေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် ပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့်တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် အခြေခံစားသောက်ကုန်များကိုလည်းကောင်း၊ ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ပဲ၊ ထောက်ပံ့ငွေနှင့် ရိုးသုံးစက်ကိရိယာများကိုလည်းကောင်း၊ မြို့ပေါ်ရပ်ကွက် ၄ ခုနှင့် ကျေးရွာအုပ်စု ၁ စုမှ ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ထောက်ပံ့ငွေများကိုလည်းကောင်း၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် ဘိလပ်မြေနှင့် သွပ်များကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်နိုင်နိုင်ဦး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီးပေးအပ်သည်။ ယင်းနောက် ယာယီနေရပ်စွန့်ခွာဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

နေပြည်တော် ဇွန် ၁၁

# ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အတွင်း သစ်တောသစ်ပင်များဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသယံဇာတများရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာပါဝင်လာစေရန်နှင့် ညီညွတ်၍သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကိုပိုင်ဆိုင်နိုင်စေရန်ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် ပင်းဆိုင်း ("ဝ"ကျေးရွာ) COMMUNITY BASED TOURISM (CBT) ကွင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကိုပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သစ်ပင်ပျိုးပင်များအား သတ်မှတ်နေရာများအလိုက်စိုက်ပျိုးခဲ့ကြပြီး ဌာနဆိုင်ရာအလိုက် သစ်ပင်စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအတွက် ပျိုးပင်များကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

ယနေ့ကျင်းပပြုလုပ်သော ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမြင့် ၂ ပေနှင့်အထက်ရှိသည့် ပိတောက်၊ ခရေ၊ ထင်းရှူး၊ ချယ်ရီ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဲဇလီ၊ ပန်းမဲဇလီနှင့်ပျဉ်းမ စသည့် သစ်မျိုး ၉ မျိုး၊ စုစုပေါင်း ပျိုးပင် ၁၀၀၀ ပင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

နေပြည်တော် ဇွန် ၁၁

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

---

# အလှပန်းတို့ ဝေဝေဖြာ

➢ တက္ကသိုလ်ဝင် အောင်မြင်မှု
ဂုဏ်ပြုလို့ လွန်ဝမ်းသာ။
ပညာဆိုတာ မြတ်ရွှေအိုးမို့
ကြိုးစားကြရှာ။
အောင်ချက်ရာနှုန်း မြင့်မားစွာ
ကြားသိကာ ပီတိဖြစ်။
အခြေခံမှ အဆင့်မြင့်သို့
လှမ်းစို့တက်လမ်းသစ်။

➢ ပညာသည် ဘဝလမ်း
ပန်းခင်းသို့ သာစေချင်။
မွေးပျံ့ကာ သင်းရနံ့
လွင့်ပျံ့အစဉ်။
လူငယ်တို့ ဘဝတွင်
ဖြစ်ချင်တာ မျှော်ရည်မှန်း။
ကြိုးစားကာ ဇွဲလုံ့လနဲ့
လှပသည့်လမ်း။

➢ မိဘဆရာ တို့ကျောင်းသား
ခွန်အားသစ် အတူစုံ။
တက္ကသိုလ်ဝင် စာမေးပွဲ
ထူးကဲလှပုံ။
အောင်မြင်မှု အဖုံဖုံ
ခက်ခဲစုံ ကျော်ကာလွှား။
ရွှင်ပြုံးပျော် ပီတိလွှမ်းတော့
အေးချမ်းလို့သွား။

➢ ဝမ်းသာသည်ထက် ဝမ်းသာပြီ။
လူငယ်တွေ စွမ်းအားမြင့်
ဂုဏ်တင့်ပေသည်။
အနာဂတ်အတွက် လှဂုဏ်ရည်
ပြည်မြန်မာ တိုးတက်ရေး။
အတတ်ပညာ လွန်မြင့်မား
အားရတယ်လေး။

➢ အောင်မြင်သူ ဂုဏ်ပြုစို့
ဝမ်းသာမှု မြောက်မြားစွာ။
ရှုံးနိမ့်သူ နှစ်သိမ့်ပေး
တွေးလို့ စာနာ။
အလှပန်းတို့ ဝေဝေဖြာ
ပညာသာ အဓိကမို့။
နောင်နှစ်မှာ အောင်မြင်လမ်း
မှန်းလျှော်လှမ်းစို့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးနှင့် စေတီယင်္ဂဏနိဗဒ္ဓဆရာတော်ကြီးများအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုခြင်း ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၁**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီး တစ်ပါးနှင့် စေတီယင်္ဂဏနိဗဒ္ဓဆရာတော်ကြီး နှစ်ပါးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုသည့် ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားကိုယနေ့ မွန်းလွဲ ၁ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပသည်။



ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်သင်ကြားစီမံပါမောက္ခဌာနမှူး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာ ပဏ္ဍိတ သ. စ. အ ဓမ္မာစရိယ ဘဒ္ဒန္တမာနိတာဘိဝံသ ထံမှပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များရွတ်ပွားသရဏ္ဍာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးကျော်ဇေယျက ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာစကားပြောကြားထားသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို အခမ်းအနားမှူးက ဖတ်ကြားလျှောက်ထားပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမာနိတာဘိဝံသ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တနာရဒါဘိဝံသ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ ဩဘာသာဘိဝံသတို့ထံ ဘွဲ့တံဆိပ်တော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လှုရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ ရေးသားပူဇော်သည့် သုတ္တန်ပါဠိတော်များ စာအုပ်အတွက် အလှူရှင်သုံးဦးတို့က ကျသင့်ငွေကျပ် ၁၃၅၀၀၀၀ ကို လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ တိပိဋကဓရ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သ. စ. အ ဓမ္မာစရိယ(ဝဋံသကာ)ပါဠိပါရဂူ စေတီယင်္ဂဏပဝရ သိရီမဟာဓမ္မဂုရု ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းလိုက်သည်။ **ဇော်မင်းလတ်၊ လင်းခန့်**

# ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် ဆေးကုသရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်ရှိ ဘဲကုန်းမီးပွိုင့်အနီးမှ ပင်လောင်းလမ်းဆုံအထိ လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသာယာလှပစေရန်အတွက် နှစ်တိုပန်းအလှပင်များစိုက်ပျိုးထားရှိမှုနှင့် ထပ်မံစိုက်ပျိုးရန် လျာထားသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းဘေးဝဲ/ယာတစ်လျှောက် သန့်ရှင်းသပ်ရပ်သာယာလှပမှုရှိစေရန်အတွက် ပန်းအလှပင်များထပ်တိုးစိုက်ပျိုးရန်နှင့်စိုက်ပျိုးပြီးအပင်များ အမြန်ဆုံးရှင်သန်ကြီးထွားစေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးက ဆေးရုံ၏ဆေးကုသမှုလုပ်ငန်းများ၊ ဆေးရုံသုံးစက်ကိရိယာများ ပြင်ဆင်ဝယ်ယူဖြည့်တင်းဆောင်ရွက်မှုအခြေအနေများ၊ အုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ခာတ်ရောင်ခြည် ကင်ဆာရောဂါကုသဆောင်သို့သွားရောက်၍ ဆေးကုသမှုခံယူနေသည့် လူနာများကိုတွေ့ဆုံအားပေး စကားပြောကြားပြီး ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်အား ကြည့်ရှုစစ်ဆေးကာ စက်ကိရိယာများကို ရေရှည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ပျက်စီးချွတ်ယွင်းနေသော စက်ကိရိယာများကို အချိန်မီပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ဓာတ်မှန်ဆောင်ရှိ CT Scan စက်နှင့် နှလုံးသွေးကြောစမ်းသပ်ကုသသည့်စက်တို့ကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန်က ကုသမှုလုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမရှိစေရေးနှင့် ထိရောက်သောရောဂါစမ်းသပ်ရှာဖွေမှုများကို အချိန်တိုအတွင်းဆောင်ရွက်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန်နှင့် ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်မည့် ဂါလန်တစ်သိန်းဆံ့ရေစုကန်ဆောက်လုပ်မည့် လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြားကပ်လှူပူဇော်ရေးလုပ်ငန်းနှင့် ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်သည်။



ဦးစွာ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး ပထမဖောင်းရစ် ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်းဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ရွှေပြား ကပ်လှူပူဇော်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစေရေး၊ ရေရှည်ခိုင်ခံ့စေရေး၊ ကြည်ညိုဖွယ်ဖြစ်စေရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်းလုပ်ငန်းများ၊ ရွှေထီးတော်ကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်းများကိုလည်းကောင်း၊ ဉပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်အား ရွှေစင်ရွှေပြားကပ်လှူပူဇော်ခြင်းလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင်ဦးမြင့်စိုးက လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကိုရှင်းလင်းတင်ပြကြရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

နေပြည်တော်   ဇွန်   ၁၁

# ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်း သွားရောက်တွေ့ဆုံအားပေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းတိုင်တပ်နယ်နှင့် တိုက်ကြီးတပ်နယ်တို့ရှိ တပ်မတော်လေ့ကျင့်ရေးကျောင်းများတွင် သင်တန်းတက်ရောက်လျက်ရှိသည့် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား သွားရောက်တွေ့ဆုံအားပေးအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲများသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးတင်အောင်စန်းအား သက်ဆိုင်ရာကျောင်းအုပ်ကြီးများက ကျောင်းရုံးအစည်းအဝေးခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းများဖွင့်လှစ်နေမှုနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းခန်းမများ၌ အမှာစကားပြောကြားရာတွင် မိမိအနေဖြင့် ယခုလိုလာရောက်တွေ့ဆုံရသည့် အကြောင်းရင်းသည် ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်မည့်စစ်သည်များအား ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ပြောကြားရင်း အားပေးစကားပြောကြားလိုခြင်း၊ သင်တန်းကာလတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလိုခြင်းတို့ကြောင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းများကို မိမိတို့တပ်မတော်အနေဖြင့် နွေးနွေးထွေးထွေး ကြိုဆိုကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအဖြစ်ပြဋ္ဌာန်းခဲ့ပြီး ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာတည်စေခဲ့သည့် အမိန့်ကြော်ငြာစာများထုတ်ပြန်ခဲ့ကြောင်း။

အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကို မိမိကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေး၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ အတွင်းရေးမှူးအဖြစ် စစ်ရေးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ ပါဝင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ဗဟိုအဖွဲ့ဖွဲ့စည်းပြီး ဗဟိုအဖွဲ့မှ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသ၊ ခရိုင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းတာဝန်များကို စနစ်တကျစီမံချက်ချပြီးဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း ၈ ပုဒ်မ ၃၈၆ တွင်လည်း "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်"ဟု ဖော်ပြထားပါကြောင်း။

ယခုသင်တန်းများတွင် တက်ရောက်နေသူများသည် ကိုယ်တိုင်ဆန္ဒပြုသူများဖြစ်သည်ကိုသိရှိရပါကြောင်း၊ ကိုယ်တိုင်ဆန္ဒပြု၍ ဝင်ရောက်လာခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုဂုဏ်ယူပါကြောင်း၊ တပ်မတော်သားတစ်ယောက်ဖြစ်လာပါက ပေးအပ်သည့်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နေ့စဉ်ရွတ်ဆိုသည့် သစ္စာအဓိဋ္ဌာန်လေးချက်တွင် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်ဟုပင် အဓိဋ္ဌာန်ပြုထားပါကြောင်း၊ စစ်သင်တန်းဖြစ်သဖြင့် စနစ်တကျဖြင့်စည်းနှင့်ကမ်းနှင့်အညီ နေထိုင်ရန်လိုအပ်ကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရန်နှင့် နိုးကြားဖျတ်လတ်၍ တက်ကြွရန်လိုအပ်ပါကြောင်း၊ အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရန်နှင့် ဇွဲသတ္တိရှိရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့် နိုင်ငံတော်အတွက် အမြဲတမ်းပင် ရှေ့ကမားမားမတ်မတ်ရပ်တည်ခဲ့ကြောင်း၊ မိမိတို့တပ်မတော်သားများအနေဖြင့် ရဲသော်မသေ သေသော်ငရဲမလားဆိုသည့် ဆောင်ပုဒ်အတိုင်း ပေးအပ်သည့်တာဝန်ကို ရဲဝံ့ကျေပွန်စွာထမ်းဆောင်ရန်လိုအပ်ကြောင်း၊ သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းရန်လိုသကဲ့သို့ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်း ကြံ့ခိုင်သန်စွမ်းရန်လိုအပ်ကြောင်း၊ ပြည်သူကအားထားရသည့် တပ်မတော်သားကောင်းများဖြစ်ရန်လိုအပ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် လေ့ကျင့်သင်ကြားပေးသည့် စစ်ပညာများကို ကျွမ်းကျင်တတ်မြောက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်သည့် စစ်သည်ကောင်းတစ်ယောက်ဖြစ်ရန် ကြိုးစားလေ့ကျင့်ရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးနှင့် တပ်မှူးတို့က လက်ခံရယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှထောက်ပံ့သည့် စားသောက်ဖွယ်ရာများကိုပေးအပ်ရာ သက်ဆိုင်ရာနည်းပြအရာရှိချုပ်များက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး တိုက်ကြီးတပ်နယ် လေ့ကျင့်ရေးကျောင်းစားရိပ်သာတွင် သင်တန်းသားများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့ကျင့်ရေးကွင်းအသီးသီး၌ လက်နက်ငယ်သင်ခန်းစာနှင့် ခန်းမအတွင်း စစ်နည်းဗျူဟာသင်တန်းပို့ချနေမှုများ၊ သင်တန်းသားအိပ်ဆောင်များ၊ သင်တန်းသားစားရိပ်သာနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန်ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအပတ်စဉ်(၁)နှင့်(၂)တို့ကို တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကော့သောင်း   ဇွန်   ၁၁

## ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နေရပ်ဒေသအသီးသီးသို့ ပြန်လည်ပို့ဆောင်

မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိုင်းနိုင်ငံအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ချမှတ်ခံရသူ မြန်မာနိုင်ငံသား အမျိုးသား ၉၈ ဦး၊ အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၁၂၀ ဦးအား ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့သို့ ယမန်နေ့မွန်းတည့် ၁၂ နာရီခန့်က သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများထံသို့ ရေလမ်းခရီးမှ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာအလုပ်သမားများမှာ အကြောင်းအမျိုးမျိုးဖြင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသူများနှင့် အရေးယူခံနေခဲ့ရသူများဖြစ်ကာ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနနှင့် NGO အဖွဲ့အစည်းများက စနစ်တကျလက်ခံဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက လိုက်နာဆောင်ရွက်ရန်ကိစ္စရပ်များအား ပြောကြားခဲ့သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသူများအား ကိုယ်ရေးမှတ်တမ်းများကောက်ယူခြင်းနှင့် ကိုဗစ်ကာကွယ်ဆေးများထိုးနှံခြင်းများဆောင်ရွက်ပြီး ၎င်းတို့နေရပ်ဒေသအသီးသီးသို့ စနစ်တကျပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

(၄၁၂)



# သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပညာရေးကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက် မှုများ ပိုမိုတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံရောက် သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ် ဆိုင်ရာ အကူအညီပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြ သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး Mrs. Ponnamperuma Arachahige Prabashini Ponnamper-uma အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံ၏ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ တူညီသည်နှင့်အမျှ နှစ်နိုင်ငံပြည်သူအချင်းချင်း အပြန်အလှန် ကူးသန်းသွားလာနိုင်ရေး၊ နှစ်နိုင်ငံရှိ တန်ခိုးကြီးဘုရားများအား နှစ်နိုင်ငံပြည်သူများ ဖူးမြော်နိုင်ရေးအတွက် ပြည်ဝင်ဗီဇာကိစ္စရပ်များ လွယ်ကူအဆင် ပြေစေရေး၊ နှစ်နိုင်ငံပြည်သူများ တရားမဝင် ဝင်ထွက်သွားလာမှုမရှိစေရေးအတွက် စိစစ် ကြပ်မတ်ဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြ သည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး များဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာ မျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော် အောင်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်တာဝန် ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၇)ကြိမ်မြောက် နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပသည့် (၂၇) ကြိမ်မြောက် နိုင်ငံတကာ စီးပွားရေးဖိုရမ် တက်ရောက်နေစဉ်အတွင်း ဇွန်လ ၇ ရက် နံနက်ပိုင်းက ကျင်းပသည့် ကျန်းမာရေးနှင့်လူနေမှုဘဝဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက် ဆွေးနွေးခဲ့သည်။





အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စု ဝန်ကြီးက ကျန်းမာရေးဆိုင်ရာ စီးပွားရေး ဘာသာရပ်၏အရေးပါမှု၊ ကျန်းမာရေးကဏ္ဍ အတွက် စွမ်းအားအရင်းအမြစ်များခွဲဝေချ ထားခြင်း၏ အရေးကြီးမှု၊ ကျန်းမာရေး မူဝါဒများနှင့် ကျန်းမားရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ ကုန်ကျစရိတ်နှင့် အကျိုး ရလဒ်အား ဆန်းစစ်သုံးသပ်နိုင်မှု၊ နည်းပညာ အသုံးပြု၍ ကျန်းမာရေးနှင့် လူမှုဘဝအရည် အသွေးမြှင့်တင်ရေးကိစ္စရပ်များ၊ ပြောင်းလဲ လျက်ရှိသော စီးပွားရေးကဏ္ဍနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာကောင်းမွန်ထိရောက် သော အလေ့အကျင့်ကောင်းများ၊ ပြည်သူ လူထု၏ကျန်းမာရေးတိုးတက်ကောင်းမွန်ရန် ကာကွယ်ဆေးထိုးနှံခြင်း၊ ကျန်းမာရေးအသိ ပညာပေးခြင်း၊ ကျန်းမာသောလူနေမှုဘဝ ရရှိစေခြင်း အစရှိသည့်လုပ်ငန်းများ ပိုမို တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ပါဝင်ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကျန်းမာရေး ဝန်ကြီး Dr. Mikhail Murashko နှင့် နိုင်ငံ တကာမှပညာရှင် ၉ ဦးတို့က Speaker များအဖြစ် တက်ရောက်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကျန်းမာရေး ဝန်ကြီး Dr. Mikhail Murashko နှင့် ကိုယ်စားလှယ်အဖွဲ့အား Conference Hall G 1.24 ခန်းမ၌တွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပိုမိုမြှင့်တင် ဆောင်ရွက်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မူဘောင်ရေးဆွဲနိုင်ရေးကိစ္စရပ်များ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ အရေး ပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ အပါ အဝင် နှစ်နိုင်ငံဆေးဘက်ဆိုင်ရာသင်ကြား ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ထုတ်လုပ်သည့် ကင်ဆာရောဂါကုသမှုနှင့် အခြားရောဂါများ ကုသမှုဆိုင်ရာ ခေတ်မီဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများတင်သွင်း၊ ဖြန့်ချိ၊ ထုတ်လုပ်နိုင်ရေးကိစ္စရပ်များ၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်ရေးနှင့် ကင်ဆာရောဂါကုသမှု ပူးပေါင်းဆောင်ရွက် နိုင်ရေးကိစ္စရပ်များ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များအပြန်အလှန် အတွေ့အကြုံ ဖလှယ်ရေးနှင့် ဆေးဘက်ဆိုင်ရာညီလာခံ၊ သင်တန်းများ၊ အစည်းအဝေးများသို့ဖိတ်ကြား နိုင်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင် ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ဇွန်လ ၈ ရက် နံနက်ပိုင်းက ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centerသို့ရောက်ရှိ၍ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့၊ Napalkov Cancer Center မှ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံကင်ဆာရောဂါ ဆေးကုသမှု ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု နှင့် ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အရ မြန်မာနိုင်ငံမှရောက်ရှိနေသည့် ကင်ဆာလူနာမောင်ဖိုးမင်းသန့်ကိုသွားရောက် ကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ ငွေနှင့် အစားအသောက်များပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Federal State Budgetary Institute Granov Russian Scientific Center of Radiology and Surgical Technologies နှင့် Federal State Budgetary Institute Nikiforov Russian Center for Emergency and Radiation Medicine သို့ သွားရောက်ကြည့်ရှုလေ့လာရာ တာဝန်ရှိ သူများက အဏုမြူရောင်ခြည်ဖြင့် ခေတ်မီ ကင်ဆာရောဂါ ဆေးကုသမှုလုပ်ငန်းဆောင် ရွက်နေမှု၊ ဓာတ်ရောင်ခြည်စက်ကိရိယာ အသုံးပြုမှု၊ အဏုမြူရောင်ခြည်ဆေးဝါး ထုတ်လုပ်မှု၊ ဓာတ်ရောင်ခြည်ဘေးသင့် လူနာများအရေးပေါ် ဆေးကုသမှုလုပ်ငန်း များနှင့် ပြန်လည်သန်စွမ်းရေး ဆေးပညာရပ် ဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိ သူများက လိုက်လံရှင်းလင်းပြသကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Polysan နှင့် Pharmasyntez ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများသို့သွားရောက်၍ ရုရှား ဖက်ဒရေးရှင်းနိုင်ငံမှထုတ်လုပ်သည့် ကင်ဆာ ရောဂါကုသမှုဆေးဝါးများ၊ အခြားခေတ်မီ အရည်အသွေးပြည့်ဝသော ဆေးဝါးများ မြန်မာနိုင်ငံသို့တင်သွင်း၊ ဖြန့်ချိ၊ ထုတ်လုပ် နိုင်ရေး နိုင်ငံပိုင်နှင့်ပုဂ္ဂလိက ဆေးဝါးထုတ် လုပ်ရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင် ရွက်နိုင်ရေးကိစ္စရပ်များကိုဆွေးနွေးလေ့လာခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်းကမ်းရှိသောလူမျိုးအဖြစ် ရပ်တည်ကြပါစို့

ကျော်ကျော်သန်း
(မဟာဝိဇ္ဇာ)

**စည်းကမ်းဆိုသည်မှာ**

ကျွန်ုပ်တို့လိုက်နာရမည့်စည်းကမ်းများစွာရှိသည်။ ဥပမာ - ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့်အုပ်ချုပ်မှုဆိုင်ရာစည်းကမ်းတို့ဖြစ်ကြသည်။ စည်းကမ်းအမျိုးမျိုးရှိစေကာမူ အမျိုးအစားခွဲခြားပါက ဆောင်ရန်စည်းကမ်းနှင့် ရှောင်ရန်စည်းကမ်းဟူ၍ နှစ်မျိုးသာ ခွဲခြားနိုင်သည်။ ဆောင်ရန်စည်းကမ်းဆိုသည်မှာ မပျက်မကွက် လိုက်နာဆောင်ရွက်ရမည့်အချက်ဖြစ်ပြီး ရှောင်ရန်စည်းကမ်းဆိုသည်မှာ လုံးဝမပြုလုပ်ရန် တားမြစ်ထားသည့် ရှောင်ကြဉ်ရမည့်အချက်များဖြစ်ကြသည်။ ဤသို့ ဆောင်ရွက်သင့်သည်များကို မပျက်မကွက်ဆောင်ရွက်ပြီး ရှောင်ကြဉ်သင့်သည်များကို ရှောင်ကြဉ်နေမှုကြောင့် တိုးတက်အောင်မြင်မှုအပေါင်းကိုရရှိသည်။ ဆောင်ရွက်သင့်သည်များကို မဆောင်ရွက်ဘဲ မဆောင်ရွက်သင့်သည်များကိုကျူးလွန်နေခြင်းကြောင့် ထိခိုက်ဆုတ်ယုတ်မှုအမျိုးမျိုး ဖြစ်ပေါ်ခံစားရသည်။ စည်းကမ်းလိုက်နာမှုသည် တိုးတက်အောင်မြင်မှုအပေါင်း၏ ပင်မအရင်းအမြစ်ဖြစ်ပြီး စည်းကမ်းမဲ့မှုသည် ထိခိုက်ဆုတ်ယုတ်မှုအပေါင်း၏ ပင်မအရင်းအမြစ်ဖြစ်သည်။

**စည်းကမ်းနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မည်လော သို့မဟုတ် ဆုတ်ယုတ်နေမည်လောဆိုသည်မှာ နိုင်ငံသားများ၏ စည်းကမ်းလိုက်နာမှုအဆင့်အတန်းပေါ် များစွာမူတည်သည်။ နိုင်ငံသားများ စည်းကမ်းလိုက်နာမှုအဆင့်မြင့်မားပါက နိုင်ငံဖွံ့ဖြိုးတိုးတက်သည်။ စည်းကမ်းလိုက်နာသည့်အခါ အမိနိုင်ငံအပေါ် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့်အရာမှန်သမျှကို ပြုလုပ်ပြီး မဆောင်ရွက်သင့် မဆောင်ရွက်ထိုက်သည်များကို လုံးဝရှောင်ကြဉ်သည်။ နိုင်ငံသားများ စည်းကမ်းလိုက်နာနေခြင်းသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနေခြင်းဖြစ်ပြီး စည်းကမ်းမလိုက်နာခြင်းသည် နိုင်ငံအတွက် ထိခိုက်ဆုတ်ယုတ်မှုကို ဖန်တီးပေးနေခြင်းဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေမည့် စည်းကမ်း၏အကျိုးတရားများကို အောက်ပါခေါင်းစဉ်များဖြင့်ဖော်ပြလိုပါသည်။

**စည်းကမ်းနှင့်စွမ်းရည်မြင့်မားမှု**

စည်းကမ်းကို အစဉ်လေးစားလိုက်နာသည့်အခါ စွမ်းရည်မြင့်မားမှုဟူသောအကျိုးတရားကိုရရှိသည်။ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေမှုကြောင့် ဘဝခရီးတစ်လျှောက်လုံး ကောင်းမှုမှန်သမျှကို ဆောင်ရွက်ပြီး မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်သည်။ အမှန်ဟူသမျှကို လိုက်နာဆောင်ရွက်ပြီး အမှားဟူသမျှကို လုံးဝရှောင်ကြဉ်သည်။ ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည်များကို မပျက်မကွက်ဆောင်ရွက်ပြီး မဆောင်ရွက်သင့်၊ မဆောင်ရွက်ထိုက်သည့်အရာမှန်သမျှကို မပြုလုပ်ဘဲနေသည်။ ဤသို့ လိုက်နာနေမှုကြောင့် မူလအရည်အချင်းများတိုးတက်မြင့်မားလာသည်။ အဆင့်မြင့်အတွေ့အကြုံများ ပိုမိုရရှိလာသည်။ လုပ်ငန်းကျွမ်းကျင်မှုများ မူလကထက် ပိုမိုအဆင့်မြင့်မားလာသည်။ ဤသို့တိုးတက်မြင့်မားလာခြင်းသည် စွမ်းရည်မြင့်မားလာခြင်းဖြစ်သည်။ ဤသို့စွမ်းရည်မြင့်မားလာရခြင်းသည် စည်းကမ်းကို အစဉ်လေးစားလိုက်နာနေသောကြောင့်ဖြစ်သည်။ အကယ်၍ စည်းကမ်းမဲ့စွာ နေထိုင်ပြုမူနေပါက စွမ်းရည်များနိမ့်ကျနေမည်။ စည်းကမ်းလိုက်နာခြင်းသည် စွမ်းရည်ကိုမြှင့်တင်ပေးနေခြင်းဖြစ်ပြီး စည်းကမ်းမဲ့ခြင်းသည် စွမ်းရည်ကိုနှိမ့်ချပစ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏စွမ်းရည်အစဉ်မြင့်မားနေစေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာလိုက်နာဆောင်ရွက်နေကြရမည်။

**စည်းကမ်းနှင့်အသိ၊ သတိတရားကြီးမားမှု**

စည်းကမ်းကို အစဉ်လေးစားလိုက်နာသည့်အခါ အသိ၊ သတိတရားကြီးမားမှုဟူသော အကျိုးတရားကိုရရှိသည်။ စည်းကမ်းက ညွှန်ကြားထားသော ဆောင်ရန်နှင့်ရှောင်ရန်အချက်များသည် ဘဝခရီးအတွက် အဖိုးတန် အသိနှင့်သတိတရားများဖြစ်ကြသည်။ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေမှုကြောင့် ယင်းဆောင်ရန်နှင့်ရှောင်ရန်အချက်များကို အမြဲနှလုံးသွင်းဆင်ခြင်သည်။ ဤသို့အမြဲနှလုံးသွင်းဆင်ခြင်နေမှုကြောင့် အသိတရားကြီးမားလာသည်။ ထို့အတူ ကိုယ်၊ နှုတ်၊ နှလုံးဆိုင်ရာ သုံးပါးအပြုအမူတစ်ခုခုကို မိမိဆန္ဒရှိသည့်အတိုင်းမပြုမူဘဲ စည်းကမ်း၏ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် စစ်ဆေးသည်။ ယင်းဆောင်ရန်၊ ရှောင်ရန်အချက်များအတိုင်း လိုက်နာဆောင်ရွက်သည်။ ဤသဘောသည် သတိကြီးမားလာခြင်းဖြစ်သည်။ စည်းကမ်းလိုက်နာနေမှုကြောင့် အသိတရားသာမကဘဲ သတိတရားပါကြီးမားလာခြင်းဖြစ်သည်။ အကယ်၍ စည်းကမ်းမဲ့စွာနေထိုင်ပြုမူနေပါက အသိ၊ သတိတရားကင်းလွတ်ကာ အမှားအမျိုးမျိုးကို ကျူးလွန်နေမည်။ စည်းကမ်းလိုက်နာခြင်းသည် အသိ၊ သတိတရားကို မြှင့်တင်ပေးနေခြင်းဖြစ်ပြီး စည်းကမ်းမဲ့ခြင်းသည် အသိ၊ သတိတရားကို အစဉ်နှိမ့်ချပစ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ အသိ၊ သတိတရားကို အစဉ်မြင့်မားနေစေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေကြရမည်။

**စည်းကမ်းနှင့် အသင့်အနေအထားရှိမှု**

စည်းကမ်းကို အစဉ်လေးစားလိုက်နာသည့်အခါ အနာဂတ်အခြေအနေများအတွက် အသင့်ရှိမှုဟူသော အကျိုးတရားကိုရရှိသည်။ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေမှုကြောင့် ဆောင်ရွက်ရမည့်အရာများနှင့် ရှောင်ကြဉ်ရမည့်အရာများကို အမြဲနှလုံးသွင်းဆင်ခြင်သည်။ ဤသို့အမြဲနှလုံးသွင်းဆင်ခြင်နေသည့်အတွက် အသိတရားနှင့်သတိတရားကြီးမားလာသည်။ အသိနှင့်သတိတရားကြီးမားလာမှုကြောင့် မိမိ၏ပစ္စုပ္ပန်ကာလကို အမှန်အတိုင်း အရှိအတိုင်းသိမြင်လာသည်။ ပစ္စုပ္ပန်ကာလကို ပကတိအခြေအနေမှန်အတိုင်းသိမြင်မှုကြောင့် အနာဂတ်ကာလတွင် မည်သည့်အခြေအနေများဖြစ်ပေါ်လာမည်ကို မှန်ကန်စွာထိုးထွင်းသိမြင်သည်။ အနာဂတ်ကာလအခြေအနေများကို မှန်ကန်စွာသိမြင်နေမှုကြောင့် လိုအပ်သောပြင်ဆင်မှုများပြုလုပ်ရမည်ဆိုသည့်သတိ ဖြစ်ပေါ်လာသည်။ ယင်းသတိတရားအတိုင်း လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုကို ပစ္စုပ္ပန်ကာလတွင် အချိန်မီပြုလုပ်သည်

ဤကဲ့သို့ အနာဂတ်ကာလအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုကို ပစ္စုပ္ပန်တွင် အချိန်မီပြုလုပ်ထားခြင်းသည် အသင့်အနေအထားတွင်ရှိနေခြင်းသဘောဖြစ်သည်။ ဤကဲ့သို့အသင့်အနေထားတွင်ရှိနေခြင်းသည် စည်းကမ်းကိုအစဉ်လေးစားလိုက်နာနေသောကြောင့်ဖြစ်သည်။ စည်းကမ်းလိုက်နာခြင်းသည် အသင့်အနေအထားတွင် အမြဲရှိနေရန်ကြိုးပမ်းနေခြင်းဖြစ်ပြီး စည်းကမ်းမဲ့ခြင်းသည် မေ့လျော့ပေါ့ဆသည့်အနေအထားသို့ရောက်ရှိရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ထို့ကြောင့် အသင့်အနေအထားတွင် ကျွန်ုပ်တို့ အမြဲရှိနေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေကြရမည်။

> ❍ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မည်လော သို့မဟုတ် ဆုတ်ယုတ်နေမည်လောဆိုသည်မှာ နိုင်ငံသားများ၏ စည်းကမ်းလိုက်နာမှုအဆင့်အတန်းပေါ် များစွာမူတည်သည်။ နိုင်ငံသားများ စည်းကမ်းလိုက်နာမှုအဆင့်မြင့်မားပါက နိုင်ငံဖွံ့ဖြိုးတိုးတက်သည်။ စည်းကမ်းလိုက်နာသည့်အခါ အမိနိုင်ငံအပေါ် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့်အရာမှန်သမျှကို ပြုလုပ်ပြီး မဆောင်ရွက်သင့် မဆောင်ရွက်ထိုက်သည်များကို လုံးဝရှောင်ကြဉ်သည်။

**စည်းကမ်းနှင့်စိတ်ဓာတ်ကြံ့ခိုင်မှု**

စည်းကမ်းကို အစဉ်လေးစားလိုက်နာသည့်အခါ စိတ်ဓာတ်ကြံ့ခိုင်မှုဟူသောအကျိုးတရားကိုရရှိသည်။ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေမှုကြောင့် တာဝန်တစ်ရပ်ကိုဆောင်ရွက်ရာတွင် ကြုံတွေ့လာရသော အခက်အခဲ၊ အကျပ်အတည်း၊ အနှောင့်အယှက်အမျိုးမျိုးတို့ကို အညံ့ခံအရှုံးမပေးဘဲ ကြံ့ကြံ့ခံရင်ဆိုင်ပြီး ဆောင်ရွက်ရမည့်တာဝန်ကို ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်သည်။ အခြေအနေဆိုးအမျိုးမျိုး၊ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ကာလရှည်ကြာစွာရင်ဆိုင်ခံစားနေရစေကာမူ အညံ့ခံအရှုံးမပေးဘဲ အထက်မှပေးအပ်သောအမိန့်နှင့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်သည်။ လောကပတ်ဝန်းကျင်ကြီးက ဖိအားအမျိုးမျိုး၊ မြှူဆွယ်မှုအမျိုးမျိုး၊ ခြိမ်းခြောက်မှုအမျိုးမျိုးပြုလုပ်နေစေကာမူ အညံ့ခံအရှုံးမပေးဘဲ မိမိစောင့်သိရမည့်သစ္စာကိုစောင့်သိသည်။ မိမိထိန်းသိမ်းရမည့်ကျင့်ဝတ်ကို မဖောက်မပြန်ထိန်းသိမ်းသည်။ လောကနှင့်ပတ်ဝန်းကျင်ကြီး၏ မဟုတ်မမှန်ထိန်းချုပ်နေမှုမှန်သမျှကို ရက်ဖွယ်ကောင်းစွာအညံ့ခံအရှုံးမပေးဘဲ လောကနှင့်ပတ်ဝန်းကျင်ကို မိမိကသာပြန်လည်ထိန်းချုပ်နိုင်ရန်အစဉ်ကြိုးပမ်းသည်။ ဤအချက်များသည် စိတ်ဓာတ်ကြံ့ခိုင်မြင့်မားခြင်းသဘောဖြစ်သည်။ ဤသို့စိတ်ဓာတ်ကြံ့ခိုင်မြင့်မားလာခြင်းသည် စည်းကမ်းကိုအစဉ်လေးစားလိုက်နာနေသောကြောင့်ဖြစ်သည်။ အကယ်၍ စည်းကမ်းမဲ့စွာနေထိုင်ပြုမူနေပါက စိတ်ဓာတ်ပျော့ညံ့သည့်အခြေအနေမျိုးသို့ ရောက်ရှိနေမည်။ စည်းကမ်းလိုက်နာခြင်းသည် စိတ်ဓာတ်ကြံ့ခိုင်မှုကို မြှင့်တင်ပေးနေခြင်းဖြစ်ပြီး စည်းကမ်းမဲ့ခြင်းသည် စိတ်ဓာတ်ကြံ့ခိုင်မှုကို နှိမ့်ချပစ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏စိတ်ဓာတ်များ အစဉ်ကြံ့ခိုင်မြင့်မားနေစေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေကြရမည်။

**စည်းကမ်းနှင့်ဂုဏ်သိက္ခာမြင့်မားမှု**

စည်းကမ်းကိုအစဉ်လေးစားလိုက်နာသည့်အခါ ဂုဏ်သိက္ခာမြင့်မားမှုဟူသော အကျိုးတရားကိုရရှိသည်။ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေမှုကြောင့် ဘဝခရီးတစ်လျှောက်လုံး ကောင်းမှုဟူသမျှကိုဆောင်ရွက်ပြီး မကောင်းဟူသမျှကိုရှောင်ကြဉ်သည်။ ဤသို့ ကောင်းမှုမှန်သမျှကိုဆောင်ရွက်ပြီး မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်နေမှုကြောင့် ဟိရိဟူသော မကောင်းမှုပြုရမည်ကိုရှက်သည့်စိတ်နှင့် ဩတ္တပ္ပဟူသော မကောင်းမှုပြုရမည်ကို ကြောက်သည့်စိတ်တို့ဖြစ်ပေါ်ကိန်းအောင်းလာသည်။ ဟိရိဩတ္တပ္ပတရားနှစ်ပါးသည် လောကကိုစောင့်ရှောက်သောတရားနှစ်ပါးဟုအဆိုရှိသည်။ ဟိရိဩတ္တပ္ပတရားနှင့်နှစ်ပါးအညီနေထိုင်ခြင်းသည် မိမိလောကနှင့်ပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နေခြင်းပင်ဖြစ်သည်။ မိမိလောကနှင့်ပတ်ဝန်းကျင်ကို သစ္စာရှိစွာကာကွယ်စောင့်ရှောက်နေသောကြောင့် တန်ဖိုးနှင့်ဂုဏ်သိက္ခာမြင့်မားသော ပုဂ္ဂိုလ်အဖြစ် ရောက်ရှိသည်။ ဤသို့ တန်ဖိုးနှင့်ဂုဏ်သိက္ခာမြင့်မားသော ပုဂ္ဂိုလ်အဖြစ် ရောက်ရှိရခြင်းမှာ စည်းကမ်းကိုအစဉ်လေးစားလိုက်နာနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏တန်ဖိုးနှင့် ဂုဏ်သိက္ခာအစဉ်မြင့်မားနေစေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေကြရမည်။

**စည်းကမ်းနှင့်တာဝန်သိစိတ် တာဝန်ကျေပွန်စိတ်**

စည်းကမ်းကိုအစဉ်လေးစားလိုက်နာသည့်အခါ တာဝန်သိစိတ်၊ တာဝန်ကျေပွန်စိတ်မြင့်မားလာခြင်းဟူသော အကျိုးတရားကိုရရှိသည်။ စည်းကမ်းအတိုင်းလိုက်နာဆောင်ရွက်နေမှုကြောင့် အမိနိုင်ငံအတွက် ကောင်းကျိုးဖြစ်စေမည့်အရာ သို့မဟုတ် အမိနိုင်ငံအတွက် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့်အရာဖြစ်ပါက မည်သူ့တိုက်တွန်းချက်ကိုမှ စောင့်မနေဘဲ မိမိ၏စိတ်စေတနာ သို့မဟုတ် မိမိ၏အသိစိတ်ဓာတ်ဖြင့် တာဝန်ယူဆောင်ရွက်သည်။

ထို့အတူ အမိနိုင်ငံအားထိခိုက်ဆုတ်ယုတ်စေမည့်အရာဖြစ်နေပါက မည်သူ့တိုက်တွန်းချက်ကိုမှ စောင့်မနေဘဲ မိမိကိုယ်ပိုင်ဆန္ဒဖြင့် အမြန်ဆုံးဝင်ရောက်ကာကွယ်တားဆီးသည်။ ဤသို့ မိမိ၏အသိစိတ်ဓာတ်ဖြင့်ဆောင်ရွက်ရာတွင် မည်သို့သောစွန့်လွှတ်စွန့်စားအနစ်နာခံမှုအမျိုးမျိုးကို ပြုလုပ်နိုင်သည်။ ဤအချက်များသည် တာဝန်သိစိတ်၊ တာဝန်ကျေပွန်စိတ်မြင့်မားလာခြင်းဖြစ်သည်။ ဤသို့ တာဝန်သိစိတ်၊ တာဝန်ကျေပွန်စိတ်မြင့်မားလာခြင်းသည် စည်းကမ်းကို အစဉ်လေးစားလိုက်နာသောကြောင့်ဖြစ်သည်။ အကယ်၍ စည်းကမ်းမဲ့စွာနေထိုင်နေပါက တာဝန်သိစိတ်၊ တာဝန်ကျေပွန်စိတ်များဖြစ်ပေါ်မလာဘဲ တာဝန်မဲ့စိတ်၊ တာဝန်ရှောင်လွှဲစိတ်များဖြစ်ပေါ်နေမည်။ စည်းကမ်းလိုက်နာနေခြင်းသည် တာဝန်သိစိတ်၊ တာဝန်ကျေပွန်စိတ်ကို မြင့်မားစေပြီး စည်းကမ်းမဲ့ခြင်းသည် တာဝန်မဲ့စိတ်၊ တာဝန်ရှောင်လွှဲစိတ်ကို ဖြစ်ပေါ်စေသည်။

စာမျက်နှာ ၁၄ သို့ ●

● စာမျက်နှာ ၁၃ မှအဆက်

ထို့ကြောင့် ကျွန်ုပ်တို့၏ တာဝန်သိစိတ်၊ တာဝန်ကျေပွန်စိတ်အစဉ်မြင့်မားနေစေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေရကြမည်။

**စည်းကမ်းနှင့်ခံယူချက်၊ ယုံကြည်ချက်၊ မှန်ကန်မှု**

စည်းကမ်းကို အစဉ်လေးစားလိုက်နာသည့်အခါ ခံယူချက်၊ ယုံကြည်ချက်မှန်ကန်ခြင်းဟူသော အကျိုးတရားကို ရရှိသည်။ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်နေမှုကြောင့် ဘဝခရီးတစ်လျှောက်လုံး ကောင်းမှုမှန်သမျှကိုဆောင်ပြီး မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်သည်။ ထို့အတူ အမှန်ဟူသမျှကို လိုက်နာဆောင်ရွက်ပြီး အမှားဟူသမျှကိုရှောင်ကြဉ်သည်။ အသိ သတိတရားများဖြင့်နေထိုင်မှုကြောင့် စိတ်နှလုံးအတွင်းသို့ မကောင်းမှုတရား၊ အမှားတရားများ ဝင်ရောက်မလာဘဲ ကောင်းမှုတရား၊ အမှန်တရားများသာ ဝင်ရောက်လာသည်။ ဤသို့ကောင်းမှုတရား၊ အမှန်တရားများဝင်ရောက်နေမှုကြောင့် စိတ်နှလုံးဖြူစင်သန့်ရှင်းလာသည်။ စိတ်နှလုံးဖြူစင်သန့်ရှင်းလာမှုကြောင့် လောကပတ်ဝန်းကျင်ကြီးနှင့်ပတ်သက်၍ မှန်ကန်သောအသိအမြင်များ ဖြစ်ပေါ်လာသည်။ ဤသို့ မှန်ကန်သောအသိအမြင်များကြောင့် ခံယူချက်၊ ယုံကြည်ချက်များ မှန်ကန်မှုရှိလာကြသည်။ ဤသို့ ခံယူချက်၊ ယုံကြည်ချက်များ မှန်ကန်မှုရှိလာခြင်းမှာ စည်းကမ်းကို အစဉ်လေးစားလိုက်နာနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ခံယူချက်၊ ယုံကြည်ချက်များ မှန်ကန်မွန်မြတ်စေရန်အတွက် စည်းကမ်းကိုလေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေကြရမည်။

**စည်းကမ်းနှင့် စည်းလုံးညီညွတ်မှု**

စည်းကမ်းကို အစဉ်လေးစားလိုက်နာသည့်အခါ စည်းလုံးညီညွတ်မှုမြင့်မားလာခြင်းဟူသော အကျိုးတရားကိုရရှိသည်။ စည်းကမ်းအတိုင်းလိုက်နာဆောင်ရွက်နေမှုကြောင့် တစ်ဦးအပေါ်တစ်ဦးစောင့်သိရမည့် သစ္စာတရားများကိုစောင့်သိသည်။ တစ်ဦးအပေါ်တစ်ဦး ထိန်းသိမ်းရမည့်ကျင့်ဝတ်မှန်သမျှကို ထိန်းသိမ်းသည်။ တစ်ဦးအပေါ်တစ်ဦး ကျေပွန်ရမည့်လူမှုဝတ္တရားမှန်သမျှကို ကျေပွန်စွာဆောင်ရွက်သည်။ တစ်ပြိုင်နက်တည်းမှာပင် တစ်ဦးအပေါ်တစ်ဦး သစ္စာမဲ့မှု၊ လိမ်ညာလှည့်စားမှု၊ တစ်ဦး၏အကျိုးကို တစ်ဦးကပျက်စီးစေမှု စသည့်လုပ်ရပ်မှန်သမျှကို လုံးဝမပြုလုပ်ဘဲ ရှောင်ကြဉ်သည်။ ဤသို့ဆက်ဆံရေးဆိုင်ရာ စည်းကမ်းအတိုင်း လိုက်နာဆက်ဆံနေမှုကြောင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ခင်လေးစားလာကြသည်။ အပြန်အလှန်ယုံကြည်အားကိုးလာကြသည်။ အပြန်အလှန်ကာကွယ်စောင့်ရှောက်လာကြသည်။ အပြန်အလှန်အကျိုးပြုလာကြသည်။ ဤအချက်များသည် အချင်းချင်းစည်းလုံးညီညွတ်လာကြသည့် သဘောဖြစ်သည်။ ဤသို့ စည်းလုံးညီညွတ်မှုမြင့်မားလာရခြင်းသည် အမိနိုင်ငံ၏ လူမှုဆက်ဆံရေးစည်းကမ်းများကို အစဉ်လေးစားလိုက်နာနေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုအား အစဉ်မြင့်မားနေစေရန်အတွက် စည်းကမ်းကို လေးစားတန်ဖိုးထားစွာ အစဉ်လိုက်နာဆောင်ရွက်နေကြရမည်။

**စည်းကမ်းရှိမှ တိုးတက်မည်**

နိဂုံးချုပ်အနေဖြင့် တင်ပြရမည်ဆိုပါက စည်းကမ်းရှိမှ တိုးတက်မည်ဟူသော အဆုံးအမရှိသည်။ ဤအဆုံးအမကို နှလုံးသွင်းဆင်ခြင်နေကြရမည်။ ကျွန်ုပ်တို့အားလုံး စည်းကမ်းကိုလိုက်နာနေကြမှသာ စွမ်းရည်မြင့်မားသော၊ အသိနှင့် သတိတရားကြီးမားသော၊ အသင့်အနေအထားတွင်ရှိနေသော၊ စိတ်ဓာတ်ကြံ့ခိုင်မြင့်မားနေသော၊ ဂုဏ်သိက္ခာမြင့်မားနေသော၊ တာဝန်သိစိတ် တာဝန်ကျေပွန်စိတ် မြင့်မားနေသော၊ ခံယူချက်၊ ယုံကြည်ချက် မှန်ကန်မွန်မြတ်နေသော၊ စည်းလုံးညီညွတ်မှုမြင့်မားနေသော နိုင်ငံသားများအဖြစ် ရောက်ရှိကြမည်။ ဤကဲ့သို့ ကောင်းသောအရည်အချင်းများနှင့်ပြည့်စုံသော နိုင်ငံသားများဖြစ်ကြမှသာ အမိနိုင်ငံ၏ကောင်းကျိုးချမ်းသာအမျိုးမျိုးကို ဆောင်ရွက်ပေးနိုင်မည်။ ထို့ကြောင့် အမိနိုင်ငံတော်ကြီးအား အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ပို့ဆောင်ပေးနိုင်ရန်အတွက် စည်းကမ်းရှိသောလူမျိုးအဖြစ် ကျွန်ုပ်တို့အစဉ်ကြိုးပမ်းရပ်တည်နေကြပါစို့ဟု တင်ပြအပ်ပါသည်။ ။

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးထူးချွန်စွာ အောင်မြင်ကြသူ ကျောင်းသား၊ ကျောင်းသူများ၏ရင်တွင်းစကားသံများ

ရန်ကုန် ဇွန် ၁၁

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်နိုင်ငံလုံး၌ ဇွန်လ ၁၁ ရက်က ထုတ်ပြန်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ဖြေဆိုသူပေါင်း ၁၈၀၅၆ ဦးရှိပြီး အောင်မြင်သူ ၉၆၅၆ ဦးရှိရာ ရာခိုင်နှုန်းအားဖြင့် ၅၃ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှသိရသည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာအောင်မြင်ကြသူ ကျောင်းသား၊ ကျောင်းသူများ၏ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်-




**မနှင်းကြယ်စင်ထွန်း**
**အထက(၁)ဒဂုံ၊ မြန်မာတစ်နိုင်ငံလုံး ဒုတိယအဆင့်အမှတ်အများဆုံးရရှိသူ**



Grade-12 တစ်နှစ်လုံးက ပင်ပန်းခဲ့တာတွေအများကြီးရှိတယ်။ စာကိုလည်း မနားမနေကြိုးစားခဲ့ရတယ်။ အခုလို ရလဒ်ကိုရတော့လည်း ထိုက်တန်တယ်လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။ အခုလာမယ့်နှစ် Grade-12 ဖြေဆိုမယ့် မောင်တွေ၊ ညီမတွေကိုလည်း ဒီတစ်နှစ်ပင်ပန်းတာကို ရဲရဲဝံ့ဝံ့နဲ့ရှေ့ဆက်ပြီး မိမိလိုချင်တဲ့ အနာဂတ်ပန်းတိုင်ကိုရောက်အောင် သေချာကြိုးစားခဲ့ရင် ရလဒ်ရဲ့အသီးအပွင့်တွေကိုခံစားရမယ်လို့ပြောချင်တယ်။ ကျောင်းမှာဆိုရင် ဆရာမတွေပြောတာကို သေချာနားထောင်တယ်။ နားမလည်တာရှိရင် မိဘတွေရော ဆရာမတွေကပါ ပံ့ပိုးကူညီပေးတယ်။ ခက်ခဲပေမယ့်လည်း စာကို နားလည်အောင်ကြိုးစားနိုင်ခဲ့တယ်။ ပင်ပန်းပေမယ့်လည်း မိမိလိုချင်တဲ့ရလဒ်ရတဲ့အတွက် ကျေနပ်ပါတယ်။

**မမေသူထွန်း**
**အထက(၁)ဒဂုံ၊ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်အမှတ်အများဆုံးရရှိသူ**

အခု ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်းမှာ Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို အထက(၁)ဒဂုံကျောင်းကနေ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်ရရှိခဲ့တာပါ။ တစ်နှစ်ပတ်လုံး စာဘယ်လိုကြိုးစားခဲ့လဲဆိုရင် ဘာသာရပ်အလိုက်တတ်နိုင်သမျှ စာမေးပွဲဖြေဖို့အတွက် အဓိကဦးတည်ပြီးပြင်ဆင်ခဲ့တယ်။ အချိန်နဲ့တစ်ပြေးညီဖြေနိုင်အောင်၊ မေးခွန်းရဲ့လိုအပ်ချက်နဲ့ကွက်တိဖြေနိုင်အောင် အဓိကကြိုးစားအားထုတ်ခဲ့တယ်။ မြန်မာစာဘာသာဆိုရင် ဆရာ၊ ဆရာမတွေရဲ့သင်ကြားမှုအပြင် ကိုယ်ကိုယ်တိုင်စဉ်းစားပြီး အဆင်ပြေမယ့်အချက်တွေကို အားလုံးထည့်သွင်းရေးတယ်။ တစ်နှစ်ပတ်လုံး ဒီလိုအစွမ်းကုန်ကြိုးစားခဲ့လို့ အခုလိုမျိုးအဆင့်ကောင်းနဲ့ ရလဒ်ကောင်းရရှိတဲ့အတွက် ဂုဏ်ယူမိတယ်။ ဝမ်းမြောက်မိတယ်။ အခုလိုရလဒ်ကောင်းရအောင် ထောက်ပံ့အားပေးကြတဲ့ ဆရာ၊ ဆရာမတွေနဲ့ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘတွေကို ကျေးဇူးတင်ပါတယ်။

**မောင်ဟိန်းလင်းထက်**
**အထက(၁)ဒဂုံ၊ မြန်မာတစ်နိုင်ငံလုံး စတုတ္ထအဆင့်အမှတ်အများဆုံးရရှိသူ**



၂၀၂၃-၂၀၂၄ ပညာသင်နှစ် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျွန်တော် နှစ်စကတည်းက စာတွေကို တစ်နေ့စာတစ်နေ့ ပုံမှန်လေ့လာကျက်မှတ်တယ်။ ကျန်တဲ့အချိန်တွေမှာ သင်ပြီးသမျှစာတွေကိုပြန်လေ့လာတယ်။ နှစ်စမှာ စာမကျေရင် စာတွေပုံလာမယ်ဆိုရင် စိတ်ဖိစီးမှုတွေ ဖြစ်လာမယ်။ အဲဒီအခါကျရင် မလုပ်သင့်တဲ့ အမှားတွေလုပ်မိတတ်တယ်။ အိမ်ရောက်ရင် မှတ်စုတွေပြန်ထုတ်ပြီး ပြန်လေ့လာတယ်။ မှတ်စုတိုတွေရေးပြီး ဆရာတွေကို ပြန်ပြတယ်။ Grade-12 မှာ အရေးကြီးတာက စာလေ့လာဖို့ရယ်၊ အနားယူဖို့ရယ် သူ့အချိန်နဲ့သူ ရှိရမယ်။ စာတွေကို ဆက်တိုက်မနားဘဲလေ့လာရင် ကျန်းမာရေးထိခိုက်နိုင်တယ်။ စာမေးပွဲနီးလာရင် သင်ခန်းစာတွေကို သင်ပြီးတဲ့အချိန်မှာ တစ်ဘာသာချင်းစီအတွက် ပြန်လေ့လာဖို့ ကြိုတင်အစီအစဉ်ဆွဲဖို့လိုတယ်။ ဒီနှစ် Grade-12 တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်တွေ အရမ်းစိတ်ဖိစီးမှုတွေမများပါနဲ့၊ ကိုယ်ပိုင်အချိန်များများထားပါ၊ စာကိုပုံမှန်လေ့လာပါ၊ အရေးကြီးတာက ကျန်းမာရေးကို ဂရုစိုက်ပါ။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးများစွာနဲ့ အောင်မြင်စွာဖြေဆိုနိုင်ကြပါစေ။

**မလင်းလက်အိမ်**
**အထက(၁)ဒဂုံ၊ မြန်မာတစ်နိုင်ငံလုံး သတ္တမအဆင့်အမှတ်အများဆုံးရရှိသူ**



Grade-12 တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့အောင်မြင်ခဲ့တာက ဆရာ၊ ဆရာမတွေနဲ့ မိဘတွေရဲ့ကျေးဇူးတွေအများကြီးပါပါတယ်။ တစ်နှစ်ပတ်လုံးမှာ တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားခဲ့တယ်။ အိပ်ရေးပျက်ခဲ့တဲ့ရက်တွေလည်းရှိခဲ့တယ်။ ကျောင်းမှာဆိုရင် ဆရာ၊ ဆရာမတွေရဲ့လမ်းညွှန်ချက်တွေ၊ သင်ကြားမှုတွေကိုလိုက်နာပြီး တတ်နိုင်သမျှ အကောင်းဆုံးကြိုးစားခဲ့တယ်။ ဒီအတွက်ကြောင့် အခုလိုမျိုးကောင်းမွန်တဲ့ရလဒ် ရခဲ့တယ်ဆိုတာကို ဂုဏ်ယူပြီး ဆရာ၊ ဆရာမတွေနဲ့ မိဘတွေကိုကျေးဇူးတင်မိပါတယ်။ မောင်ငယ်၊ ညီမငယ်တွေကိုလည်း အတတ်နိုင်ဆုံးကြိုးစားရင်းနဲ့ ကိုယ်နဲ့ထိုက်တန်တဲ့ ရလဒ်တွေရပါစေလို့ ဆုတောင်းပေးပါတယ်။

**မမြတ်သီရိကျော်**
**အထက(၂) လသာ၊ မြန်မာတစ်နိုင်ငံလုံး နဝမအဆင့်အမှတ်အများဆုံးရရှိသူ**

နှစ်စကတည်းက ဘာသာစုံဂုဏ်ထူးထွက်အောင် ရည်မှန်းပြီး တစိုက်မတ်မတ်



ကြိုးစားခဲ့တာပါ။ အခုလိုရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဘာသာစုံကို နှစ်စကတည်းက တစ်ဘာသာချင်း ဘာမှမလွတ်ရအောင်၊ အားနည်းတဲ့ဘာသာကိုလည်း ပိုဖိပြီးကြိုးစားခဲ့တယ်။ မြန်မာစာက တော်တော်လေးကြိုးစားခဲ့ရတယ်။ ဗဟုသုတစာပေနဲ့ဖတ်စာအုပ်ကိုနာနာဖတ်ပြီး ၁၀ မှတ်တန်အပုဒ်ရှည်တွေနဲ့ စာစီစာကုံးကိုလည်း နေ့စဉ်ပုံမှန်လေ့ကျင့်ခဲ့တယ်။ အင်္ဂလိပ်စာအနေနဲ့ ဖတ်စာအုပ်ကို များများဖတ်ပြီး Essay, Latter,Grammar တွေကိုပိုင်နိုင်အောင် နေ့စဉ်လေ့ကျင့်ခဲ့ရပါတယ်။ သင်္ချာအတွက်က ဖတ်စာအုပ်ကို အဓိကပိုင်နိုင်အောင်လုပ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝဘာသာတွေကိုလည်း ဖတ်စာအုပ်ထဲက လေ့ကျင့်ခန်းတွေကို တစ်ခန်းချင်းမျှမျှတတလေ့လာမှတ်သားပြီး မှတ်စုတွေထုတ်ပြီး ချရေး၊ ပုံတွေကိုလည်းရေးဆွဲခဲ့ရတယ်။ ဘာသာစုံကို အပိုအလိုမရှိအောင် နှံ့နှံ့စပ်စပ်နဲ့ ဆရာ၊ ဆရာမတွေသင်ကြားတဲ့အတိုင်း လိုက်နာခဲ့တယ်။ တစ်နှစ်ပတ်လုံး ကျန်းမာရေးကို ဂရုစိုက်ပြီး ပုံမှန်ပဲကြိုးစားခဲ့ပါတယ်။ နောက်နှစ်မှာဖြေဆိုကြမယ့် ကျောင်းသား၊ ကျောင်းသူတွေ စာကိုတစ်နေ့စာတစ်နေ့၊ တစ်ပတ်စာတစ်ပတ်၊ ပုံမှန်ဖတ်သွားမယ်ဆိုရင် လိုချင်တဲ့အမှတ်တွေရရှိပြီး ကိုယ်လိုချင်တဲ့ပန်းတိုင်ကို ရောက်နိုင်မှာဖြစ်ပါတယ်။ ။

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုမှလှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ (၄/၅) စာအုပ် ၃၀၀၀ ကို နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များနှင့်တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့်တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်း၊ ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက **"ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့"** သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် **"လူထုသိပ္ပံကျမ်းများလှူဒါန်းမှုမှသည် စာဖတ်ရှိန်မြှင့်တင်ရေး"** သို့ ဗီဒီယိုကလစ်ကိုပြသသည်။

ယင်းနောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးကဏ္ဍတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး မိသားစုမှစာအုပ်စာစောင်များလှူဒါန်းသည့် အခမ်းအနားဖြစ်ပါကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလွှာအသီးသီးမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို ဝမ်းမြောက်မိပါကြောင်း၊ ယနေ့ပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် AI နည်းပညာသည် နေ့စဉ်နှင့်အမျှ တိုးတက်နေပြီး လူငယ်များအကျိုးရှိစေသည့်အတွက် သိပ္ပံနည်းပညာနှင့် အသိပညာ စာအုပ်၊စာစောင်များကို နိုင်ငံတော်ဝန်ကြီးချုပ်က ကိုယ်ပိုင်ငွေဖြင့် လှူဒါန်းခြင်းဖြစ်ပါကြောင်း။

စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး သားတို့သမီးတို့အနေဖြင့် နေ့စဉ်စာဖတ်ရာ၌ စာအစုံကိုလည်းဖတ်ရှုရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့လှူဒါန်းသည့် လူထုသိပ္ပံကျမ်းကိုဖတ်ရှုခြင်းဖြင့် နောင်တစ်ချိန်တွင် ခေတ်မီနည်းပညာများကို နားလည်တတ်ကျွမ်း၍ နိုင်ငံတော်က အားကိုးအားထားရသော သားကောင်း၊ သမီးကောင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် ဆက်လက်ကြိုးစားသွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုမှ လှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ(၄)နှင့် အတွဲ(၅) စာအုပ် ၃၀၀၀ ကို အလှူရှင်များကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာကြည့်တိုက် ၁၂၅ တိုက်သို့စာအုပ် ၂၅၀ ကိုလည်းကောင်း၊ တပ်မတော်ဌာနချုပ်များ၊ တပ်ရင်း/ တပ်ဖွဲ့စာကြည့်တိုက်များအတွက် စာအုပ် ၁၀၀၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ် ၁၇၅၀ အုပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက် ၁၂၅ တိုက်သို့ လူထုသိပ္ပံကျမ်း အတွဲ(၄) နှင့် အတွဲ(၅)စာအုပ် ၂၅၀ အားပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနာယက ဦးကျော်ဆန်းက ကျေးဇူးတင်မှုဒိတာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း (စာရေးဆရာမောင်ကျောက်ခဲ) က စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာကို ဟောပြောဆွေးနွေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုမှလှူဒါန်းသည့် လူထုသိပ္ပံကျမ်း အတွဲ (၄)နှင့် အတွဲ (၅) စာအုပ် ၃၀၀၀ ကို အလှူရှင်များကိုယ်စား မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက **"ဘက်စုံပညာရည် တို့လှမ်းချီ"** သီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သဃ်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများက **"အနာဂတ် မြန်မာသို့"** သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

★ **ရှေ့ဖုံးမှအဆက်**

မြန်မာနိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာသူများကို မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(UAE) သံအမတ်ကြီး H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၁၁-၆-၂၀၂၄

## ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ရွှေဘို | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုးမိတ် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် ဇွန် ၁၁

# နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄) ကျင်းပ



နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄)တွင်အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ ပုဗ္ဗသီရိတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ပြုလုပ်ရာ နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ နေပြည်တော် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ထို့နောက် နေပြည်တော်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး(၂၀၂၄)ကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇွန် ၁၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်မှုများမြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma က ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma တို့ ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma သည် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ ရဟန်းသံဃာများနှင့် သာသနာနွယ်ဝင်သီလရှင်များ သီရိလင်္ကာနိုင်ငံတွင် ပညာသင်ကြားလျက်ရှိမှုနှင့် သီရိလင်္ကာနိုင်ငံရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား မြန်မာနိုင်ငံမှသာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လျက်ရှိမှု အခြေအနေများ၊ ခရီးသွားလုပ်ငန်းများ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုများမြှင့်တင်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

---

နေပြည်တော် ဇွန် ၁၁

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကျင်းပမည်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ"အား ၂၀၂၄ ခုနှစ် ဇွန်လ ၁၂ ရက်**(ယနေ့)**မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW June 11

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of UAE Ambassador to Myanmar



Senior General Min Aung Hlaing receives UAE Ambassador to Myanmar H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials of H.E. Mr. Mutaz Abdullah Abdulijaleel Mohamed AI Faheem, the newly-accredited Ambassador of the United Arab Emirates (UAE) to the Republic of the Union of Myanmar, at the Credentials Hall of the Office of the State Administration Council Chairman, Nay Pyi Taw, at 10 am today.

Afterwards, both sides cordially discussed diplomatic relations between the two countries, extension of direct flights, promotion of cooperation in tourism, trade and other fields, SAC's endeavours to steer the country firmly on the path to multi-party democracy, aspired by the people, political changes and developments in Myanmar, preparation to hold a free and fair multi-party democracy general election, scrutiny measures and other arrangements taken under bilateral agreement between Myanmar and Bangladesh for the displaced persons in northern Rakhine State.

After the meeting, the Senior General and the UAE Ambassador posed for group documentary photos.

Also present on occasion were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe and Director-General of the Protocol Department U Wunna Han.

100

NAY PYI TAW June 11

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador-Designate of Sri Lanka



Senior General Min Aung Hlaing receives Ambassador-Designate of Sri Lanka to Myanmar H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma.

Ambassador-Designate of Sri Lanka to Myanmar H.E. Mrs. Ponnamperuma Arachige Prabashini Ponnamperuma presented his Credentials to Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the parlour of the Credential Hall of the Office of the Chairman of the State Administration Council in Nay Pyi Taw at 10.45 am today.

They cordially discussed bilateral friendly relations and diplomatic relations, learning of members of the Sangha and nuns from Myanmar in Sri Lanka, offering of religious titles to venerable members of the Sangha from Sri Lanka, cooperation in development of tourism industry, enhancement of bilateral trade, cooperation in agriculture and pharmaceutical production, and promotion of cooperation in defence sector.

After the meeting, the Senior General and the Sri Lankan Ambassador to Myanmar posed for documentary photos.

Also present at the ceremony were SAC Joint Secretary Lt-Gen Ye Win Oo, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, and Director-General of the Protocol Department U Wunna Han.

100

COMMERCE

# Myanmar pulse exports over 300,000 tons in May 2024

Myanmar's pulse exports totalled over US$-315 million with over 367,000 tons as of 17 May in the current financial year 2024- 2025, beginning 1 April, the Ministry of Commerce's statistics showed.

Myanmar's seaborne trade hit over 356,150 tons of pulses exports worth US$-305.3 million, whereas over 11,610 tons of pulses worth US$-10.25 million were sent to the neighbouring countries between 1 April and 17 May this FY.

The value of Myanmar's pulse exports reached over US$-1.48 billion from over 1.76 million tons in the FY 2023- 2024, the Ministry of Commerce's statistics indicated.

Myanmar mainly exports black grams, green grams and pigeon peas to foreign markets.



Of them, black grams and pigeon peas are primarily shipped to India, while green grams are exported to China and Europe.

India has growing demand and consumption requirements for black grams and pigeon peas. According to a Memorandum of Understanding between Myanmar and India signed on 18 June 2021, India will import 250,000 tons of black grams and 100,000 tons of pigeon peas (tur) from Myanmar for five consecutive years from 2021-2022 financial year to 2025-2026 FY. This G-to-G pact will not affect the pulses' annual quota set by India. Myanmar's exporters are also entitled to deliver the pulses to India under that yearly quota.

Myanmar's black gram output is estimated at 400,000 tons per year, whereas pigeon pea production crosses 50,000 tons.

The Myanmar Pulses, Beans, Maize and Sesame Seeds Merchants Association stated that black grams, which India primarily purchases, are commonly found only in Myanmar, whereas pigeon peas, green grams and chickpeas are grown in African countries and Australia.

**SMK**

AGRICULTURE

# Shwebo Township completes harvesting of onion and garlic

According to Shwebo Township Agriculture Department, a total of 2,341 acres of onion and garlic plantations have been harvested in Shwebo Township of Sagaing Region.

After harvesting, onion yielded 4,478.93 viss per acre on 2,313 acres of onion and 2,869.75 viss per acre of garlic on 28 acres of land in Shwebo Township in 2023-2024 financial year.

"Shwebo Township cultivated 2,341 acres of onion and garlic as cold season crops. Local farmers are reaping the crops. Their yields are high. Our department creates market links for local farmers to get good prices of onion and garlic," said U Hsan Oo, Head of Township Agriculture Department.

In 2023-2024 financial year, Shwebo Township earmarked 2,210 acres of onion and 35 acres of garlic but local farmers planted 2,313 acres of onion and 28 acres of garlic, totalling 2,341 from October to December 2023.

Local farmers cost some Ks-1.8 million per acre of onion and Ks-1.5 million per acre of garlic.

**SK**

AGRICULTURE

# Myinmu Township reaps more than 30,000 acres of winter sesame

Sagaing District Agriculture Department stated that a total of 37,410 acres of winter sesame has been grown in Myinmu Township of Sagaing Region this winter.

Starting from February 2024, local farmers harvested winter sesame, yielding 13.75 baskets per acre.

"Local farmers planted 37,410 acres of winter sesame in Myinmu Township. Agricultural staff strived for boosting per-acre of crop," said Daw Thida Lwin, Head of Sagaing District Agriculture Department.

Local farmers started cultivation of 37,410 acres of winter sesame against 37,411 acres in Myinmu Township in 2023-2024 financial year.

Myinmu Township Agriculture Department provided dissemination of knowledge about expanded cultivation of winter sesame, and use of GAP system and quality strains of sesame.

GAP system can help farmers improve quality, fetch good prices and develop socio-economic life of the people.

**SMK**

BUSINESS

# Chinese demand for Myanmar's soft areca nuts booming

Chinese demand for Myanmar's soft, fresh and moist areca nuts is on an upward trajectory. It is one of the main import items of China, areca nut depot owners said.

They offer them a handsome price as well. Chinese traders buy them according to branches or kilogrammes or the number of nuts. We are still unknown how the soft areca nuts are utilized. It is considered they are processed to make a snack after roasting in order to penetrate the southeast Asian market.

The shells of areca nut rather than nut are primarily consumed in foreign countries. They are also used in making traditional medicine.

Chinese traders import Myanmar's areca nuts to meet growing demand for areca nut raw materials. This way, Myanmar's areca nut market has boomed.

Myanmar's areca nuts are normally sent to markets only after drying and processing. At present, they prefer soft and moist areca nuts rather than dried ones. As it can save production cost, the farm owners are keen on selling the soft, green and moist areca nuts rather than dried ones.

Myanmar's areca nut market has become widespread. The commodity depot of areca nut emerged in the producing states and regions (Rakhine, Mon and Kayin states and Taninthayi and Ayeyawady regions). There is competitive pricing in the market as well.

The depot owners buy the areca nut weighing 17 to over 30 grammes from the farm owners. Earlier, only dried ones were sold in the market.

**SK**

RUSSIA

## Russia, Belarus embark on second stage of non-strategic nuclear drills - Defence Ministry



Russia, Belarus Embark on Second Stage of Non-Strategic Nuclear Drills.

The drills have the objective of safeguarding the sovereignty and territorial integrity of the Union State. Previously, troops underwent training to operate Iskander missiles and to equip Kinzhal hypersonic missiles with specialized warheads.

The second stage of drills focusing on the use of non-strategic nuclear weapons by Russian and Belarusian forces has commenced, the Russian Defence Ministry said on Tuesday.

"In accordance with the decision of Russian President [Vladimir Putin], the second stage of the exercise of non-strategic nuclear forces began," the ministry said in a statement.

During the exercise, the joint training of units from the armed forces of Russia and Belarus will be carried out.

The second stage of the non-strategic nuclear forces drills is aimed at maintaining readiness to use nuclear weapons to ensure the sovereignty of the Union State of Russia and Belarus, the Russian Ministry of Defence added.

"The exercises are aimed at maintaining the readiness of personnel and equipment for the combat use of non-strategic nuclear weapons of Russia and Belarus in order to unconditionally ensure the sovereignty and territorial integrity of the Union State," the statement says.

As part of the first stage, the Ministry elaborated on the process of acquiring specialized ammunition for the Iskander tactical missile system. Additionally, the aviation forces engaged in training exercises involving the equipping of special warheads for the Kinzhal hypersonic missiles.

The Ministry added that missile units from the Southern Military District performed training exercises to equip Iskanders with special warheads.

Russia's Foreign Ministry explained that drills must be considered in the light of hawkish statements made by Western politicians and NATO's destabilizing activities.

**Sputnik**

AUSTRALIA

# Avian influenza outbreak not threat to Australia's egg supply




Avian influenza outbreak not threat to Australia's egg supply.

Australia is not at risk of an egg shortage despite an outbreak of avian influenza, the Agriculture Minister has said.

Murray Watt on Tuesday said there is no reason for Australians to be worried about a national shortage of eggs after the highly pathogenic H7N3 strain of bird flu was detected at five farms in the state of Victoria.

He told state media Australian Broadcasting Corporation (ABC) television that 1 million hens have been euthanized or otherwise affected by the outbreak, representing approximately four percent of Australia's national flock of egg-laying chickens.

In response, Coles -- one of Australia's two largest supermarket chains -- has limited the number of eggs customers can buy to two cartons in all stores across the nation except in Western Australia (WA).

However, Watt said there was no cause for alarm about the supply of eggs.

"Every day Australia produces 18 million eggs and there's no risk to that supply stopping any time soon," he said.

Watt said that the outbreak would have affected more farms if not for a quick quarantine response from the Victorian government but said he could not guarantee that it has been entirely contained.

"I can't rule out that it'd be spreading further, but obviously every effort is being put in by the Victorian government, backed by ourselves," he said.

He said the strain of avian influenza that has been detected in Victoria is not the deadly strain that has been detected elsewhere in the world and said Australians can continue to eat eggs safely.

**Xinhua**

CHINA

# China intercepts dutch chopper near Shanghai, Lambasts Netherlands for provocation

People's Liberation Army fighter jets escorted a Dutch helicopter that violated Chinese airspace under the auspice of a UN mission. Beijing warned the Netherlands to avoid such incidents in the future.

The Dutch military has created a dangerous situation in the East China Sea after using a UN mission as a cover-up, Chinese Ministry of Defence representative Zhang Xiaogang has said.

He added that Beijing urges the Netherlands to limit any activities of their armed forces in the region and vowed decisive counter-measures in response to provocations near China's territory. The statement came in response to Amsterdam saying that one People's Liberation Armyhelicopter and two fighter jets had approached a helicopter assigned to a Dutch frigate in the East China Sea.

The Dutch claimed that the incident happened in international airspace and that the vessel was overseeing the implementation of a UN Security Council resolution on North Korea sanctions. Beijing debunked these claims, explaining that the helicopter assigned to the Tromp-class frigate of the Royal Netherlands Navy entered its airspace east of Shanghai.

The command of the People's Liberation Army had to use its fighter jets to expel the helicopter from the area after warning its crew.

"[These steps] were legal and purposeful, everything was done professionally and according to standards. It is the Netherlands not China who created the dangerous situation," Zhang underlined.

He added that the Netherlands had used the UN mission as a pretext for power projection in regions that are under the jurisdiction of other countries.

**Sputnik**

JAPAN

# "Flesh-eating" bacterium infections hit record high in Japan

Streptococcal toxic shock syndrome, a potentially fatal illness caused by a "flesh-eating" bacterium, is increasing notably across Japan, with cases in the first half of this year already exceeding last year's record, local media reported Tuesday.

There have been 977 confirmed cases of the disease caused by the bacterium called streptococcus pyogenes which is often associated with strep throat but occasionally leads to limb necrosis and multiple organ failure, Kyodo News reported, citing a national infectious disease institute.

The figure in the first six months of 2024 already surpassed last year's 941, the highest annual number of cases tallied since mandatory reporting began in 1999, the report said.

Tokyo logged the highest number of cases at 145. Infections of more virulent and contagious strains of the bacterium are increasingly being reported, particularly in the Kanto region centering on Tokyo, it added.

Ken Kikuchi, a professor specializing in infectious disease at Tokyo Women's Medical University, said foot wounds are particularly susceptible to streptococcal bacterial infection, and small injuries like blisters and athlete's foot can be entry points, adding it can take as little as 48 hours from infection to death in elderly patients.

"High fever accompanied by delirium or rapid swelling of wounds are dangerous signs," and immediate medical attention should be sought, he said.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammer in Use (Intermediate Level)

Present continuous and simple 1 - Unit 3 have - Unit 17 Present tenses for the future-Unit 19

**Exercises**

**4.1 Put the verb into the correct form, present continuous or present simple.**

1 Are you hungry? Do you want (you / want) something to eat?
2 Alan says he's 90 years old, but nobody ....................... (believe) him.
3 She told me her name, but .......................(I / not / remember) it now.
4 Don't put the dictionary away. .......................(I / use) it.
5 Don't put the dictionary away. .......................(I / need) it.
6 Air .......................(consist) mainly of nitrogen and oxygen.
7 Who is that man? What .......................(he / want)?
8 Who is that man? Why .......................(he / look) at us?
9 Who is that man? .......................(you / recognise) him?
10 .......................(I / think) of selling my car. Would you be interested in buying it?
11 I can't make up my mind. What .......................(you / think) I should do?
12 Gary wasn't well earlier, but .......................(he / seem) OK now.

**4.2 Use the words in brackets to make sentences.**







**4.3 Are the underlined verbs OK? Correct them where necessary..**

1 Nicky is thinking of giving up her job. OK
2 It's not true. I'm not believing it. I don't believe it.
3 I'm feeling hungry. Is there anything to eat? ...................
4 I've never eaten that fruit. What is it tasting like? ...................
5 I'm not sure what she does. I think she works in a shop. ...................
6 Look over there. What are you seeing? ...................
7 You're very quiet. What are you thinking about? ...................

**4.4 Complete the sentences. Use is/are being (continuous) or is/are (simple).**

1 I can't understand why he's being so selfish. He isn't usually like that.
2 You'll like Sophie when you meet her. She .......................very nice.
3 Sarah .......................very nice to me at the moment. I wonder why.
4 They .......................very happy. They've just got married.
5 You're normally very patient, so why .......................so unreasonable about waiting ten more minutes?
6 Would you like something to eat? .......................hungry?

## Unit 5 Past simple (I did)

**A Study this example:**

Wolfgang Amadeus Mozart **was** an Austrian musician and composer. He **lived** from 1756 to 1791. He **started** composing at the age of five and **wrote** more than 600 pieces of music.
He **was** only 35 years old when he **died**.
**lived/started/wrote/was/died** are all past simple




**B** Very often the past simple ends in -**ed** (regular verbs):

- I work in a travel agency now. Before that I **worked** in a department store.
- They **invited** us to their party, but we **decided** not to go.
- The police **stopped** me on my way home last night.
- Laura **passed** her exam because she **studied** very hard.

For spelling (sto**pp**ed, stud**ied** etc.), see Appendix 6.
But many verbs are irregular. The past simple does not end in -**ed**. For example:

| | |
|---|---|
| write - **wrote** | Mozart **wrote** more than 600 pieces of music. |
| see - **saw** | We **saw** Alice in town a few days ago. |
| go - **went** | I **went** to the cinema three times last week. |
| shut - **shut** | It was cold, so I **shut** the window. |

For a list of irregular verbs, see Appendix 1.

**Raymond Murphy**

နေပြည်တော် ဇွန် ၁၁

# သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Tharaka Balasuriya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ- သီရိလင်္ကာနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် မြန်မာနိုင်ငံရှိ သီရိလင်္ကာနိုင်ငံသားများအား ကူညီကာကွယ်ပေးရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးဗိုလ်ချုပ်တိုးရီနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် (၂) ရဲဗိုလ်ချုပ်အောင်နိုင်သူ ၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr. Sisira Senevirathne နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၁၁

# အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)နှင့် စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက် ၍ ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်း က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပ သည်။

ဆွေးနွေးပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုလုပ်ငန်းနှင့်စက်မှုဇုန်ဖွံ့ဖြိုးတိုးတက် ရေးဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ စက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရှမ်းပြည်နယ်အတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များတွင် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ရောင်းဝယ်မှုနှင့် အခြားဟူ၍ လုပ်ငန်းအမျိုး အစား ၄ မျိုးအနက် ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း စက်မှုလုပ်ငန်း များအတွက် သက်သာသောနှုန်းထားများ ဖြင့် စက်မှုဇုန်များတွင် မြေနေရာများ ငှားရမ်းပေးနိုင်ရေးအတွက် ဒေသဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအေဂျင်စီများအနေဖြင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း။

စက်မှုဝန်ကြီးဌာနသည် ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေ၊ ဘွိုင်လာဥပဒေ၊ လျှပ်စစ်ဥပဒေ၊ SME ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ ဓာတုဗေဒနှင့် ဆက်စပ်သောဥပဒေနှင့် စက်မှုဇုန်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဝန်ကြီးဌာနတစ်ခု ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသဆိုင်ရာအစိုးရ အဖွဲ့နှင့်ကော်မတီများအနေဖြင့် စက်မှု လုပ်ငန်း၊ စက်မှုဇုန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းကိစ္စများနှင့် ပတ်သက်၍ ချိတ်ဆက်ဆောင်ရွက်သွားနိုင် ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်က စက်မှုဇုန်နှင့်စက်မှုလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းထား သည့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ စက်မှုဇုန်အသစ်များဖော်ဆောင်ရေး အတွက် စီမံဆောင်ရွက်လျက်ရှိပြီး ရင်းနှီး မြှုပ်နှံမည့်လုပ်ငန်းရှင်များကိုလည်း ဖိတ်ခေါ် သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ညွှန်ကြား ရေးမှူးချုပ်က စက်မှုဇုန်ဥပဒေနှင့် စက်မှုဇုန် နည်းဥပဒေများပြဋ္ဌာန်းခြင်း၊ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း၊ စက်မှုဇုန်အသစ်တည်ထောင် ခြင်းနှင့် သတ်မှတ်ကြေညာခြင်း၊ တည်ထောင် ပြီး စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများနှင့် ဆောင်ရွက်ဆဲစက်မှုဇုန်စီမံကိန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရှမ်းပြည်နယ် စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး က ရှမ်းပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်း များတည်ထောင်လည်ပတ်နေမှု၊ စက်မှုဇုန် ဥပဒေနှင့် နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်မည့်အခြေ အနေတို့ကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် နေမှုအခြေအနေတို့ကို လည်းကောင်း၊ အေးသာယာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌက စက်မှုဇုန်အတွင်းလုပ်ငန်းလည်ပတ် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများနှင့်တက် ရောက်လာသူများမှ စက်မှုဇုန်များဖွံ့ဖြိုးတိုး တက်ရေးအတွက် ဆောင်ရွက်ရမည့်အချက် များ၊ ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း ၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး သည် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)သို့ ရောက်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင် ရေးအတွက် တာဘိုင်နှင့်ဂျင်နရေတာများ တပ်ဆင်အသုံးပြုမည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆောင်ရွက် မည့်စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်နှင့် ရရှိမည့် အကျိုးကျေးဇူးတို့ကို တွက်ချက်တင်ပြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၁၁

# မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကင်းလှည့်ရေယာဉ် ၆ စင်း လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပပြုလုပ်



ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီးနီလင်းအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai တို့ ကင်းလှည့်ရေယာဉ် ၆ စင်း လွှဲပြောင်း/လက်ခံခြင်းစာလွှာများကို လက်မှတ်ရေးထိုးကြစဉ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့သို့ တရုတ် ပြည်သူ့သမ္မတနိုင်ငံမှ အကူအညီပေးအပ် သည့် ကင်းလှည့်ရေယာဉ် ၆ စင်း လွှဲပြောင်း ပေးအပ်ခြင်းအခမ်းအနားကို ၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၁ ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၃)ရေကြောင်းရဲကွပ်ကဲမှု အဖွဲ့ခွဲမှူးရုံး (ဝါးတန်း)၌ ကျင်းပပြုလုပ်ခဲ့ပါ သည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ မြန်မာ နိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီး H.E Mr. Chen Hai တို့ ဦးဆောင်၍ အခမ်းအနားတက်ရောက် လာကြသူများသည် လမ်းမတော်မြို့နယ်၊ ကျန်းမာရေးဆိပ်ခံတံတား၌ ဆိုက်ကပ်ထား ရှိသော ကင်းလှည့်ရေယာဉ်နှစ်စင်းပေါ်သို့ တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရေယာဉ် ဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြ ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး ပါသည်။

ဆက်လက်၍ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ပြုလုပ်ခဲ့ရာ ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ကျေးဇူးတင်စကားပြော ကြား၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Chen Hai က အမှာစကားပြောကြားပါသည်။ ယင်းနောက် လွှဲပြောင်း/လက်ခံခြင်းစာလွှာများကိုလက်မှတ် ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြပါသည်။

တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ် ကြည်ရေးနှင့် အိမ်နီးချင်းကောင်းဆက်ဆံ ရေးတို့အပေါ် အခြေပြု၍လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအား ကောင်းစေရေးအတွက်လည်းကောင်း ၂၈ မီတာ ကင်းလှည့်ရေယာဉ် ၂ စင်းနှင့် ၄၈ မီတာ ကင်းလှည့်ရေယာဉ် ၄ စင်းတို့ကို အကူ အညီပေးအပ်ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

(၁၀၀)

ဘရပ်ဆဲ၊ စစ်ရေး

# ရုရှား၏လေယာဉ်များကို ခြေရာခံရန် NATO က AI ကိုအသုံးပြုနေ



NATO တပ်ဖွဲ့အနေဖြင့် ရုရှားနိုင်ငံ၏ လေယာဉ်များကိုခြေရာခံရန် AI စနစ်ကို အသုံးပြုနေကြောင်း ထိုအဖွဲ့မှလက်ထောက် အတွင်းရေးမှူးချုပ်ကိုယ်တိုင် ဝန်ခံလာသည်။

ပိုလန်နိုင်ငံ၌ကျင်းပသော NATO-ယူကရိန်း ကာကွယ်ရေးပစ္စည်းတီထွင်ဆန်းသစ်သူများအစည်းအဝေး၌ ၎င်းက ယူကရိန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရန်ကတိပြုထားသည်။

ထို့ပြင် စစ်မြေပြင်တီထွင်ဆန်းသစ်မှုများအပေါ် သဘောတူညီချက်အသစ်ရရှိစေရန်လည်း လုပ်ဆောင်လျက်ရှိကြောင်း လက်ထောက်အတွင်းရေးမှူးချုပ် ဒေးဗစ်ဗန်ဝိုးကပြောသည်။

အမျိုးမျိုးသော AI နည်းပညာများကို ပေါင်းစပ်အသုံးပြုမှု၏ ဥပမာတစ်ခုမှာ NATO တပ်ဖွဲ့သည် ရုရှား၏လေယာဉ်များနှင့် ဆီဖြည့်ရာနေရာများကိုခြေရာခံနိုင်ရေးအတွက် ဂြိုဟ်တုဓာတ်ပုံများကိုခွဲခြားရန် AI ကိုအသုံးပြုလျက်ရှိကြောင်း ၎င်းကပြောသည်။

ထိုကဲ့သို့သောနည်းလမ်းဖြင့် AI ကို အသုံးပြုခြင်းသည် NATO တပ်ဖွဲ့က သတ်မှတ်ထားသော ကျင့်ဝတ်စည်းမျဉ်းများနှင့်အညီဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ပြီးခဲ့သည့်လများအတွင်း ယူကရိန်းသည် ရှေ့တန်းစစ်မြေပြင်အနီးရှိ ရုရှား၏ လေယာဉ်ကွင်းများကိုသာမက နိုင်ငံအတွင်းပိုင်းရှိ လေယာဉ်ကွင်းများကိုပါ တိုက်ခိုက်ရန်ကြိုးပမ်းအားထုတ်မှုများ တိုးမြှင့်လုပ်ဆောင်လာကြောင်းသိရသည်။

***Ref: RT***

ဆိုး၊ စစ်ရေး

# တောင်-မြောက် ကိုရီးယားနယ်စပ်၌ သတိပေးပစ်ခတ်မှုများဖြစ်ပွား



တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားနယ်စပ်၌ သတိပေးပစ်ခတ်မှုများဖြစ်ပွားကြောင်းသိရသည်။ မြောက်ကိုရီးယားစစ်သည်တစ်စုက စစ်မဲ့ဇုန်ရှိ တောင်ကိုရီးယားနိုင်ငံပိုင် နယ်နိမိတ်အတွင်းသို့ ခေတ္တဝင်ရောက်ပြီးနောက် တောင်ကိုရီးယားဘက်က သတိပေးပစ်ခတ်မှုများလုပ်ဆောင်ခြင်းဖြစ်သည်။

မြောက်ကိုရီးယားစစ်သည်အချို့သည် လက်နက်များကိုလည်းကောင်း၊ အချို့မှာ ပစ္စည်းကိရိယာများကို လည်းကောင်း ကိုင်ဆောင်ထားကြောင်းနှင့် ၎င်းတို့မှာ တောင်ကိုရီးယားဘက်ခြမ်းသို့ မရည်ရွယ်ဘဲဖြတ်သန်းမိခြင်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များရုံးက ဇွန်လ ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။

တောင်ကိုရီးယားဘက်ခြမ်းက သတိပေးပစ်ခတ်မှုများနှင့်အတူ သတိပေးပြောဆိုချက်များပြောပြီးနောက် မြောက်ကိုရီးယားစစ်သည်များမှာ ၎င်းတို့ပိုင်နယ်မြေဘက်ခြမ်းသို့ ပြန်ဝင်သွားသည်။

ကိုရီးယားနှစ်နိုင်ငံကြား စစ်ပြေငြိမ်းမှုဖြင့်သာအဆုံးသတ်ထားသည့် ကိုရီးယားစစ်ပွဲပြီးနောက် စစ်မဲ့ဇုန်ပေါ် ပေါက်လာခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင်လုံခြုံရေးအထူထပ်ဆုံးနယ်စပ်များအနက် တစ်ခုအပါအဝင်ဖြစ်လာသည်။

ထိုစစ်မဲ့ဇုန်သည် အလျား ၂၄၈ ကီလိုမီတာနှင့် အနံ ၄ ကီလိုမီတာရှိကာ ထိုထဲတွင် မိုင်းကွင်းများ၊ တင့်ထောင်ချောက်များနှင့် လက်နက်ကိုင်အစောင့်များချထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း မြောက်ကိုရီးယားဘက်က အမှိုက်များသယ်ဆောင်လာသည့် မိုးပျံပူဖောင်းများကို တောင်ကိုရီးယားဘက်ခြမ်းသို့ လွှတ်တင်ပြီးနောက် တောင်ကိုရီးယားဘက်ကလည်း နယ်စပ်တစ်လျှောက် အသံချဲ့စက်များဖြင့် မြောက်ကိုရီးယားဘက်သို့ ဝါဒဖြန့်သီချင်းများဖွင့်ကာ လက်တုံ့ပြန်ထားသည်။

***Ref: RT***

တိုကျို၊ ကျန်းမာရေး

# ဂျပန်နိုင်ငံ၌ အသားစားဗက်တီးရီးယား ကူးစက်မှုများ စံချိန်တင်မြင့်မား

ဂျပန်နိုင်ငံ၌ အသားစားဗက်တီးရီးယားကူးစက်မှုများ စံချိန်တင်မြင့်မားလျက်ရှိကြောင်းနှင့် ယခုနှစ် ပထမနှစ်ဝက်၏ ရောဂါကူးစက်မှုပမာဏမှာ ပြီးခဲ့သည့်နှစ်ကူးစက်မှုပမာဏကိုပင် ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Streptococcus pyogenes အမည်ရှိ ဗက်တီးရီးယားကြောင့် ရောဂါဖြစ်ပွားသူ ၉၇၇ ဦးရှိကြောင်း ဒေသတွင်းသတင်းဌာနက ဇွန်လ ၁၁ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ ဗက်တီးရီးယားကူးစက်မှုကြောင့် ခြေလက်အင်္ဂါများ အသားပုပ်ခြင်းနှင့် ကိုယ်တွင်းအင်္ဂါပျက်စီးခြင်းတို့ဖြစ်ပွားကြောင်း ကျန်းမာရေးတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်ကိုကိုးကား၍ သတင်းဌာနက ဖော်ပြထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်တစ်နှစ်လုံးတွင် ဗက်တီးရီးယားကူးစက်ခံရသူ ၉၄၁ ဦးရှိပြီး ၁၉၉၉ ခုနှစ်နောက်ပိုင်း နှစ်စဉ်ဗက်တီးရီးယားကူးစက်မှုအများဆုံးပမာဏဖြစ်သည်။ ယခုနှစ်တွင်မူ တိုကျိုမြို့၌ ကူးစက်ခံရသူအရေအတွက်မှာ ၁၄၅ ဦးဖြင့်အမြင့်ဆုံးဖြစ်သည်။

ခြေထောက်များ၌ ဒဏ်ရာများဖြစ်ခြင်းသည် ဗက်တီးရီးယားကူးစက်ခံရနိုင်ခြေအများဆုံးအကြောင်းရင်းဖြစ်ပြီး အရည်ကြည်ဖုများကဲ့သို့ ဒဏ်ရာအသေးစားများနှင့် အားကစားသမားများ၏ခြေထောက်များသည်လည်း ဗက်တီးရီးယားကူးစက်မှုစတင်ရာ နေရာများဖြစ်သည်ဟု တိုကျိုအမျိုးသမီးဆေးတက္ကသိုလ်မှ ကူးစက်ရောဂါပညာရှင် ကန်ကီကူချီကပြောသည်။

ထို့ပြင် သက်ကြီးရွယ်အိုများတွင် အဆိုပါဗက်တီးရီးယားကူးစက်ခံရပါက စတင်ကူးစက်စဉ်မှ သေဆုံးသည်အထိ အချိန်အားဖြင့် ၄၈ နာရီသာကြာကြောင်း ၎င်းကဆက်ပြောသည်။

အဖျားရောဂါကြောင့် ကိုယ်အပူချိန်အလွန်မြင့်တက်ခြင်း၊ ဒဏ်ရာများလျင်မြန်စွာရောင်ရမ်းလာခြင်းတို့သည် အန္တရာယ်များသည့် လက္ခဏာများဖြစ်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ချက်ချင်းခံယူသင့်ကြောင်း ၎င်းကပြောထားသည်ဟု သိရသည်။

***Ref: Xinhua***

ဘန်ကောက်၊ မီးလောင်မှု

# ဘန်ကောက်၌ ဈေးမီးလောင်မှုကြောင့် အိမ်မွေးတိရစ္ဆာန်အကောင် ၁၀၀၀ ကျော်သေဆုံး

ထိုင်းနိုင်ငံဘန်ကောက်မြို့ရှိ ချာတူချက်ဈေး၌မီးလောင်မှုကြောင့် အိမ်မွေးတိရစ္ဆာန်အကောင် ၁၀၀၀ ကျော်နှင့် အလှမွေးငါးများစွာသေဆုံးကြောင်း သိရသည်။

အဆိုပါမီးလောင်မှုသည် ဇွန်လ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီခွဲတွင် ချာတူချက်ဈေးရှိ အိမ်မွေးတိရစ္ဆာန်ဈေးရုံ၌ဖြစ်ပွားခြင်းဖြစ်ကာ ထိုရုံရှိဆိုင်ပေါင်း ၁၁၈ ဆိုင်စလုံးမီးလောင်သွားသည်။

မီးလောင်မှုကြောင့် သေဆုံးသွားသည့် အိမ်မွေးတိရစ္ဆာန်များတွင် ခွေးများ၊ ကြောင်များ၊ ယုန်များ၊ မြွေများ၊ ငှက်များ၊ ထိုင်းတိုက်ငါးများနှင့် ကြက်များပါဝင်ကာ မီးလောင်မှုအတွင်းလူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း တာဝန်ရှိသူများကပြောသည်။

မီးလောင်မှုဖြစ်ပွားရာနေရာသို့ မီးသတ်ကားများနှင့်ရေသယ်ယာဉ် ၁၀ စီးသွားရောက်မီးငြှိမ်းပြီး တစ်နာရီအကြာတွင် မီးငြိမ်းသွားသည်။

ထိုသို့ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကိုစုံစမ်းရန်နှင့် မီးလောင်မှုကြောင့်ဆုံးရှုံးသွားသူများကိုထောက်ပံ့ပေးရန် မြို့တော်ဝန်ကညွှန်ကြားထားသည်။

ထို့ပြင် ပြည်သူများအနေဖြင့် ဈေးသို့လာရောက်ပြီး အိမ်မွေးတိရစ္ဆာန်များကို ဝယ်ယူခြင်းအားဖြင့် ဈေးသည်များကိုကူညီပေးရန် မြို့တော်ဝန်ကတောင်းဆိုထားသည်။


သေဆုံးသွားသည့်တိရစ္ဆာန်များအနက် ကတ္တဝါငှက်များမှာ ဈေးအကြီးဆုံးဖြစ်ကြောင်းနှင့် တစ်ကောင်လျှင် ဘတ် ၃၀၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။ ***Ref: TST***



# ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဇွန် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းက ငါးလုပ်ငန်းဦးစီးဌာန ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ အနုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစိတ် ရေထွက်ပစ္စည်း အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်း(မြိတ်)ကိုကြည့်ရှုစစ်ဆေးပြီး ရေသယံဇာတထွက်ကုန်ပစ္စည်းများကို နိုင်ငံတကာမှလက်ခံနိုင်သောစံချိန်စံညွှန်းများအတိုင်း အန္တရာယ်ကင်းသည့် ရေထွက်ထုတ်ကုန်အရည်အသွေးကောင်းမွန်၍ ဘေးကင်းသန့်စင်ရေးစီမံခန့်ခွဲမှုစနစ်အားကျင့်သုံး၍ စနစ်တကျစိစစ်ကြပ်မတ်ရန် ဆွေးနွေးမှာကြားသည်။



ဒုတိယဝန်ကြီးသည် ဇွန်လ ၈ ရက် နံနက်ပိုင်းကလည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကွန်းစုမြို့နယ်ရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် အစည်းအဝေးခန်းမ၌ ကုမ္ပဏီမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခေတ်မီရေငန်ပုစွန်မွေးမြူထုတ်လုပ်ခြင်း၊ နိုင်ငံခြားဝင်ငွေအများဆုံးရရှိနိုင်မည့်ပနားမီးပုစွန်စတင်မွေးမြူရန်ဆောင်ရွက်ထားမှု ငါး၊ ပုစွန်၊ ကင်းမွန် စသောရေသတ္တဝါများရှားပါးလာမှုနှင့် မျိုးတုန်းပျောက်ကွယ်မှုတားဆီးကာကွယ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငါးသယံဇာတအရင်းအမြစ်များ၏ ကျက်စားရာနေရာများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန် ငါးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ချက်များကိုဆွေးနွေးခဲ့ကြပြီး ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၏ ပုစွန်ကန်များနှင့် ပုစွန်မွေးမြူထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် မြိတ်ခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသည့်စိုက်ပျိုးမွေးမြူရေးစနစ်ဖွံ့ဖြိုးလာစေရေး၊ ဒေသ၏ထူးခြားသော ဝိသေသလက္ခဏာများပါဝင်သည့် လယ်ယာစီးပွားအခြေခံသော စီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာရေးနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာစေရေး၊ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဘက်စုံကူညီပံ့ပိုးပေးရန် ကိစ္စရပ်များ၊ ကမ်းနီးကမ်းဝေးငါးဖမ်းလုပ်ငန်းများကို တည်ဆဲဥပဒေများ၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိန်းကျောင်းကြပ်မတ်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၉ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၆ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၇ ပေမှ ၁၀ ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၅ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတုမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ ဝေါမြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်နှင့်ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်နှင့် သာပေါင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**

# ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယ (၁၀)ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှအားကောင်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၈ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၁၀ မီလီမီတာမှ ၂၀ မီလီမီတာအတွင်း၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ၂၂ မီလီမီတာမှ ၃၀ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်နှင့်ကယားပြည်နယ်တို့တွင် ၃၂ မီလီမီတာမှ ၄၁ မီလီမီတာအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၄၂ မီလီမီတာမှ ၅၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ပြည့်ဝအခြေအနေ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် စိုစွတ်အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ခြောက်သွေ့အခြေအနေ အသီးသီးရှိနိုင်သည်။

**(မိုး/ဇလ)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများဆောင်ရွက်



**ပဲခူး ဇွန် ၁၁**

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန်လ ၁၁ ရက်နံနက်ပိုင်းက လစဉ် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေး ဟောပြောပွဲ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားသည်။


ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်များကိုပေးအပ်ရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တစ်သက်တာစာပေဆုရှင် အလင်္ကာကျော်စွာ စာရေးဆရာမြင်းမူမောင်နိုင်မိုးနှင့် ပဲခူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ အမျိုးသားစာပေဆုရှင် ဝတ်ရည်ခင်(ပဲခူး)တို့က လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတက္ကသိုလ်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာအုပ်စာပေများ ဝယ်ယူနိုင်ရေးထောက်ပံ့ငွေကျပ်သိန်း ၃၀ အားလည်းကောင်း၊ တက်ရောက်ဟောပြောသည့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ၊ တစ်သက်တာစာပေဆုရှင် အလင်္ကာကျော်စွာ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက ပဲခူးတက္ကသိုလ်စာကြည့်တိုက်အတွက် စာအုပ်များအားလည်းကောင်း ပဲခူးတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်အေးအေးခိုင်ထံ ပေးအပ်လှူဒါန်းကြသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးနှင့် အသိပညာပေးဟောပြောပွဲတွင် ခင်းကျင်းပြသထားသည့် သုတ/ရသစာပေများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ တစ်သက်တာစာပေဆုရှင် အလင်္ကာကျော်စွာ စာရေးဆရာ မြင်းမူမောင်နိုင်မိုးက "ဘဝထဲက စာပေ၊ စာပေထဲကဘဝ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပဲခူးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ အမျိုးသားစာပေဆုရှင် ဝတ်ရည်ခင်(ပဲခူး)က "မျိုးဆက်သစ်လူငယ်တို့ အနာဂတ်လှပဖို့" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

## မိုးလေဝသ သတင်း




# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

### ဒေါက်တာထွန်းတင့်

## သဲသဲမဲမဲ၊ မဲမဲသဲသဲနှင့်မည်းမည်းသည်းသည်း

မြန်မာစာပေတွင် "သဲသဲမဲမဲ၊ မဲမဲသဲသဲ"ဟူသော စကားနှစ်ခု၊ အရေးနှစ်ခုနှင့် "မည်းမည်းသည်းသည်း" ဟူသောစကားကိုတွေ့ကြရပေသည်။ စာလုံးပေါင်းသတ်ပုံရောထွေးယောင်မှားလေ့ရှိကြသော ဝေါဟာရများဖြစ်သည်။ ထိုဝေါဟာရများ၏အနက်နှင့် အဓိပ္ပာယ်များကိုသိမှ ထိုဝေါဟာရများကို မှန်ကန်စွာ စာလုံးပေါင်း၍ ရေးသားသုံးနှုန်းနိုင်ကြပေလိမ့်မည်။ ကွဲပြားအောင် ခွဲခြားရေးသားနိုင်ကြပေလိမ့်မည်။

"မဲ၊ မည်း၊ သဲ၊ သည်း"တို့၏ အနက်များမှာ "ပေါင်းစည်း"ဟူသော အနက်၊ "ဆက်စပ်"ဟူသော အနက်ချည်းဖြစ်ကြသည်။ သို့ရာတွင် "ပေါင်းစည်း၊ ဆက်စပ်"ဟူသော အနက်ကိုအခြေခံ၍ ဖြစ်လာသောအဓိပ္ပာယ်များမှာ ကွဲပြားကြသည်ဟုဆိုရပေမည်။

"မဲ"နှင့် "မည်း"တို့၏အနက်၊ အဓိပ္ပာယ်ကို ဦးစွာ စဉ်းစားကြပါမည်။ "မဲ"လည်း "ပေါင်းစည်း၊ ဆက်စပ်"၊ "မည်း"လည်း "ပေါင်းစည်း၊ ဆက်စပ်" အနက်ဖြစ်သည်။ မဲ၏အနက်ကို စဉ်းစားသောအခါ "မက်၊ မင်"တို့၏အနက်နှင့်ယှဉ်ဖက်ဆက်စပ်၍ စဉ်းစားသင့်ကြောင်းကိုလည်း သတိပြုမိကြပေလိမ့်မည်။

"မည်း"ကို "အရောင်နက်မှောင်သော"ဟူသော အဓိပ္ပာယ်ဖြင့်သုံးသည်။ "မက်"ကို "မြဲ၊ စွဲ၊ ကပ်၊ တပ်"ဟူသောအနက်ဖြင့် သုံးသည်။ "မဲ"ဟူသော ဝေါဟာရကိုတွေ့လျှင် "မည်း"နှင့်ဆက်နွယ်သော အဓိပ္ပာယ်လော၊ "မက်"နှင့်ဆက်နွယ်သောအဓိပ္ပာယ်လော စိစစ်ရပေမည်။ "မဲ"သည် များသောအားဖြင့် "မက်"နှင့်အဓိပ္ပာယ်ဆက်နွယ်သည်ကိုတွေ့ရသည်။ "မက်"၏အနက်မှာ "မြဲ၊ စွဲ၊ ကပ်၊ တပ်"ဖြစ်ရာ "မဲ" သည်လည်း "မြဲ၊ စွဲ၊ ကပ်၊ တပ်"အနက်ပင်ရှိသည်ဟု ဆိုရပါမည်။

"အစားကိုချည်းမက်နေတာပဲ"သည် "အစားကိုချည်းမဲနေတာပဲ"နှင့်သဘောတူပင်ဖြစ်သည်။ "မက်" သည် "မက်မော၊ တပ်မက်"အဓိပ္ပာယ်ဖြစ်သည်။ "မဲ" သည် "မဲမဲသဲသဲ၊ သဲသဲမဲမဲ၊ စွဲစွဲမြဲမြဲ၊ တောင့်တ" ဟူသောအဓိပ္ပာယ်ဖြစ်သည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော ခရီးဆောင်မြန်မာအဘိဓာန်တွင် "မဲ" ကို "၁။ တစ်ခုတည်းကိုသာ အာရုံစိုက်သည်။ ၂။ ကွက်၍ အငြိုးထားသည်ဟု အဓိပ္ပာယ်နှစ်ခု ဖွင့်ပြထားသည်။ စိန္တကျော်သူဦးဩ၏ကဝိလက္ခဏာသတ်ပုံကျမ်းလာ "စလေကို ဖဲ၊ ပြည်ကို မဲ၊ ကောင်းမြဲ အစဉ်ထား။ (ကဝိ ၆၃)မယားကိုဆဲ၊ သားကိုမဲ၊ မိုးပြဲခုံမိုင်းသား။ ကဝိ'၆၈" တို့မှ "မဲ"၏အဓိပ္ပာယ်မှာ ခရီးဆောင်မြန်မာအဘိဓာန်လာ "မဲ"၏ အဓိပ္ပာယ်များနှင့် သဘောညီသည်။

"သဲ"ကိုမူ ခရီးဆောင်မြန်မာအဘိဓာန်တွင် ကြိယာအဖြစ် အဓိပ္ပာယ်ဖွင့်ပြမထားပါ။ သဲကြီးမဲကြီးဟူသော ကြိယာဝိသေသနပုဒ်ကို ပြထားပါသည်။ "သဲကြီးမဲကြီး"၏အဓိပ္ပာယ်မှာ "သဲသဲမဲမဲ"၏အဓိပ္ပာယ်နှင့်တူပါသည်။ "သဲကြီးမဲကြီး"ကိုလည်းကောင်း၊ "သဲသဲမဲမဲ"ကိုလည်းကောင်း၊ "စူးစူးစိုက်စိုက် ဇွဲကြီးစွာ ပြင်းပြင်းထန်ထန်" ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ "ဇွဲ"ဆိုသည်မှာ အလုပ်တစ်ခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်ဆောင်နိုင်သော "သတ္တိ"ဟူသည့် အဓိပ္ပာယ်ရှိသဖြင့် "ဇွဲကြီးစွာ"ကို "စွဲစွဲမြဲမြဲ"နှင့်လည်းတူသည်ဟု ယူဆနိုင်ပေသည်။ "သဲ"ကို ဝိစ္စာပြုလျက်(နှစ်ကြိမ်ထပ်လျက်) "ခြိမ့်ခြိမ့်သဲသဲ၊ ရုတ်ရုတ်သဲသဲ၊ သောင်းသောင်းသဲသဲ၊ သဲသဲအုတ်အုတ်၊ အုတ်အုတ်သဲသဲ၊ အုံအုံသဲသဲ"စသည်ဖြင့် သုံးသည်ကိုလည်းတွေ့ရသည်။ "သဲသဲ"၏အဓိပ္ပာယ်မှာ "စုရုံး၊ များပြား၊ အသံမြည်ဟည်း" စသည်တို့ဖြစ်သည်။ "ခြိမ့်ခြိမ့်၊ ရုတ်ရုတ်၊ သောင်းသောင်း၊ အုတ်အုတ်၊ အုံအုံ"ဟူသော ဝေါဟာရများနှင့်တွဲဖက်နိုင်သော အဓိပ္ပာယ်လည်းဖြစ်သည်။

ချုပ်၍ဆိုရသော် "သဲသဲမဲမဲ၊ မဲမဲသဲသဲ"ကို "စွဲစွဲမြဲမြဲ၊ တစိုက်မတ်မတ်၊ စူးစူးစိုက်စိုက်၊ ပြင်းပြင်းထန်ထန်" စသည့်အဓိပ္ပာယ်ဖွင့်ဆိုသည်မှာ "သဲ၊ မဲ" တို့၏ မူလအနက်နှင့်မသွေဖည်ဟုဆိုရမည်ဖြစ်ပါသည်။

ခရီးဆောင်မြန်မာအဘိဓာန်တွင် "မည်းမည်းသည်းသည်း"ကို တည်ပုဒ်ယူထားသည်ကို မတွေ့ရပါ။ သို့ရာတွင် "မည်းသည်း"ကိုမူတည်ပုဒ်ယူထားပါသည်။ "မည်းသည်း" ၏ အဓိပ္ပာယ်ကို"၁။ အလွန်မည်းသော။ ၂။ စုပြုံများပြားသော။"ဟု ဖွင့်ဆိုထားပါသည်။ "နေပူထဲမှာနေတာများလို့ အသားတွေမည်းသည်းနေတာပဲ။" "မုန့်နံ့ရလို့ ပုရွက်ဆိတ်တွေလာလိုက်ကြတာမည်းသည်းနေတာပဲ" ပထမဝါကျတွင်ပါသော "မည်းသည်း"သည် "အလွန်မည်းသော" ဟူသည့် အဓိပ္ပာယ်ဖြစ်သည်။ ဒုတိယဝါကျတွင်ပါသော "မည်းသည်း"သည် "စုပြုံများပြား" သော အဓိပ္ပာယ်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၀ ° C | / | ၃၁.၆ ° C |
| ရန်ကုန် | ၂၄ ° C | / | ၃၁.၅ ° C |
| မန္တလေး | ၂၈ ° C | / | ၃၆.၇ ° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

နေပြည်တော် ဇွန် ၁၁

# တရားမဝင်စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ





မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Nissan AD Station Wagon (၇)စီး၊ Daihatsu Hijet (၆)စီး၊ Honda Fit (၃)စီး၊ Nissan Vanette (၂)စီးနှင့် Mazda Bongo (၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၉ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ နမ့်ခမ်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Floral Foam (၃၅၇)ကီလိုဂရမ်၊ Plastic Spray Head (၁၂၅)ကီလိုဂရမ်၊ Ceramic Tiles (၄၈၀၀)ချပ်အပါအဝင် လူသုံးကုန်ပစ္စည်း(၂၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၇၀၇၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor (၁)စီး၊ Hino Ranger Truck (၁)စီး၊ စက်မှုဇုန်ထုတ် Shwe Tu Truck (၁)စီး၊ Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀၀)နှင့် ကွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Hot Plate (၂၂၀၈)ခုအပါအဝင် လူသုံးကုန်ပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၂၃၆၇၃၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ ဆီသယ်ယာဉ် (၁)စီးပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယံဒီဇယ်ဆီ ဂါလန် (၇၈၄၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၂၄၀၀၀၀)နှင့် အဆိုပါစက်သုံးဆီများတင်ဆောင်လာသည့် Hino Profia Tractor Head (၁)စီးနှင့်ဆီသယ်နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၁၈၃၇၃၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၁၈၃၇၃၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

ရန်ကုန် ဇွန် ၁၁

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ISPE အသင်းနှင့်သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင်ယှဉ်ပြိုင်ကစားခဲ့ကြရာ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့်သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ သစ္စာအားမာန်အသင်းက ခုနစ်ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်၊ ပွဲချိန် ၄၁ မိနစ်နှင့် ပွဲချိန် ၄၄ မိနစ်တို့တွင် မြတ်နိုးခင်ကလည်းကောင်း၊ ပွဲချိန် ၂၁ မိနစ်နှင့် ၃၁ မိနစ်တွင် ဝင်းဝင်းကလည်းကောင်း၊ ပွဲချိန် ၆၆ မိနစ်တွင် ယွန်းဝတီကလည်းကောင်း၊ ပွဲချိန် ၆၈ မိနစ်တွင် ဇင်မာထွေးကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPE အသင်းက လေးဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်၊ ပွဲချိန် ၁၈ မိနစ်နှင့် ပွဲချိန် ၅၈ မိနစ်တွင် ယဉ်လွန်းအိန်ကလည်းကောင်း၊ ပွဲချိန် ၅၂ မိနစ်တွင် ထက်နှင်းထွေးကလည်းကောင်း သွင်းယူခဲ့ကြပြီး YREO အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၈ မိနစ်တွင် ဝင်းစန္ဒာနှင့် ပွဲချိန် ၄၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ယမင်းဖြူကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့ကြသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ခြောက်ပွဲကစားထားပြီး ငါးပွဲနိုင် တစ်ပွဲရှုံး ရမှတ် ၁၅ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးတွင်ဆက်လက်ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

**စည်သူအောင်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့"**ခေါင်းစဉ်ဖြင့် ၁၂-၆-၂၀၂၄ ရက်**(ယနေ့)**မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင်စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ပုံးဖောက်ခွဲမှုကြောင့် ကလေးငယ် ၃ ဦးသေဆုံးကာ ၂၀ ကျော်ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော် ဇွန် ၁၁

## စဉ့်ကူးမြို့နယ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူအချို့ထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဇွန်လ ၁၁ ရက် ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ပစ်ခတ်မှုကြောင့် ထုံးကြီးကျေးရွာမှ ပြည်သူ ၁ ဦး သေဆုံးခဲ့ပြီး ၂ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ စဉ့်ကူးမြို့နယ်အတွင်း လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော်လည်း ယနေ့နံနက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားမှုနှင့် လက်နက်ကြီးပစ်ခတ်မှုများ မရှိကြောင်း ဒေသခံပြည်သူတစ်ဦး၏ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများမှ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှ ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ပွားစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိသည့် နေရာနှင့် အနီးဝန်းကျင်နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**(၁၀၀)**



ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို လာရောက်ကြည့်ရှုစဉ်။



ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း (ကျည်တောင်ကန်)၌ ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက် ကြည့်ရှုစဉ်။



သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း၌ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို လာရောက် ကြည့်ရှုစဉ်။



ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက်ကြည့်ရှုစဉ်။



မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက် ကြည့်ရှုစဉ်။



မြစ်သားမြို့နယ် အတွင်းရှိ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက် ကြည့်ရှုစဉ်။



ကလေးမြို့နယ် အတွင်းရှိ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက်ကြည့်ရှုစဉ်။



ပေါင်မြို့နယ် အတွင်းရှိ ကျောင်းများ၌ ကျောင်းသား မိဘများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက် ကြည့်ရှုစဉ်။



သံဖြူဇရပ်မြို့နယ် အတွင်းရှိ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသား မိဘများက တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများကို လာရောက် ကြည့်ရှုစဉ်။

♦ ကျောဖုံးမှအဆက်


အောင်စာရင်းများကို ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာဖြင့် လာရောက်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ တက္ကသိုလ်ဝင်တန်းအောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင်လည်းဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ(ရေဒီယို)၊ တိုင်းရင်းသားအစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖြေဆိုသူဦးရေ ၁၂၈၈၂၀၊ အောင်မြင်သူဦးရေ ၇၄၅၉၂ ဦး၊ အောင်ချက်ရာခိုင်နှုန်းမှာ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၁ ဦး၊ ဝိဇ္ဇာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦးစာရင်းကို ထုတ်ပြန်ထားရာ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန Website ဖြစ်သော www.myanmarexam.org တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို လာရောက်ကြည့်ရှုသူ ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း အခုလိုပဲကြားသိရပါတယ် -

စာမျက်နှာ ၂၉ သို့♦



အင်းတော်မြို့နယ်အတွင်းရှိ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို လာရောက်ကြည့်ရှုစဉ်။



ဟိုပုံးမြို့နယ်အတွင်းရှိ ကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို လာရောက်ကြည့်ရှုစဉ်။

♦ စာမျက်နှာ ၂၈ မှအဆက်

**မမေမြတ်သူ**
**(ခြောက်ဘာသာဂုဏ်ထူးရှင်)**



နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ မမေမြတ်သူဖြစ်ပါတယ်။ ဒီနှစ် Grade-12 မှာ ခြောက်ဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့တဲ့အပြင် နေပြည်တော်တစ်ခုလုံးမှာ အဆင့်လေးရရှိခဲ့တဲ့အတွက် အထူးပဲဂုဏ်ယူဝမ်းသာမိပါတယ်။ ကျွန်မဂုဏ်ထူးရရှိခဲ့တာက မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒတို့ကို ရရှိခဲ့တာဖြစ်ပါတယ်။ ဒီလိုမျိုးရရှိဖို့ နှစ်စကတည်းက ပိုပြီးအာရုံစိုက်လေ့လာကျက်မှတ်ခဲ့ရပါတယ်။ သင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေက ကျွန်မတို့နားလည်အောင် သင်ကြားပေးတဲ့အတွက်လည်းပါပါတယ်။ သေချာလေ့လာကြိုးစားကျက်မှတ်ခဲ့တာလည်းဖြစ်တယ်။ ဆရာ၊ ဆရာမတွေရဲ့ ဆိုဆုံးမမှုတွေကို လိုက်နာခဲ့လို့လည်း ဒီလိုအောင်မြင်မှုရရှိခဲ့တာပါ။ နောင်နှစ်မှာ ဖြေဆိုမယ့် မောင်လေး၊ ညီမလေးတွေလည်း Grade-12 ကို အများကြီးမကြောက်ကြပါနဲ့လို့ ပြောချင်ပါတယ်။ ဘာလို့လဲဆိုရင် ကျွန်မတို့ ဖြေပြီးသားမေးခွန်းတွေကို လေ့လာခွင့်ရတဲ့အတွက် ပိုပြီးလွယ်ကူမယ်လို့ထင်ပါတယ်။ ကြိုးစားကြပါလို့ပြောချင်ပါတယ်။ ကျွန်မကို သင်ကြားပေးတဲ့ ဘာသာရပ်ဆရာ၊ ဆရာမတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ နောက်ပြီးကျောင်းကို အေးအေးချမ်းချမ်းနဲ့ အခက်အခဲမရှိ ပညာတွေသင်ကြားနိုင်အောင်၊ စာမေးပွဲတွေဖြေဆိုနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိလူကြီးများအားလုံးကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ အနာဂတ်ရည်မှန်းချက်က ဆရာဝန်တစ်ယောက်ဖြစ်ဖို့ ရည်မှန်းပါတယ်။ အခု Naypyitaw State Academy မှာလည်း ဆေးပညာသင်လို့ရနေပြီဆိုတော့ အဲဒီမှာပဲ ပညာဆည်းပူးသွားဖို့ရှိပါတယ်။ ကိုယ့်ရဲ့နိုင်ငံအတွက်လည်း အကျိုးပြုနိုင်တဲ့ ဆရာဝန်တစ်ယောက်ဖြစ်ချင်တယ်။ ကျေးဇူးတင်ပါတယ်။

**မောင်ချစ်မင်းထက်**
**(ငါးဘာသာဂုဏ်ထူးရှင်)**



နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့တဲ့ မောင်ချစ်မင်းထက်ဖြစ်ပါတယ်။ ငါးဘာသာဂုဏ်ထူးရရှိခဲ့ပါတယ်။ ရရှိခဲ့တဲ့ဘာသာတွေက အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနဲ့ ဇီဝဗေဒတို့ပဲဖြစ်ပါတယ်။ စာသင်ချိန်နဲ့ စာကျက်တဲ့အချိန်မှာ ပိုပြီးအာရုံစူးစိုက်လေ့လာကျက်မှတ်ခဲ့တာကြောင့် အခုလိုအောင်မြင်မှုတွေရရှိခဲ့တာဖြစ်ပါတယ်။ Grade-12 စာတွေကို သင်တော့ စိုးရိမ်ကြောက်လန့်မှုတော့ မရှိပါဘူး။ နှစ်စကတည်းက တစ်နေ့သင်တဲ့စာတွေကို ပုံမှန်လေ့လာကျက်မှတ်တယ်။ ကျွန်တော့်ရည်မှန်းချက်က ဆရာဝန်ဖြစ်ချင်ပါတယ်။ ကျွန်တော့်ရဲ့ မြန်မာစာဆရာမရဲ့စကားတစ်ခွန်းကိုစိတ်ထဲစွဲသွားတယ်။ အဲဒီစကားကတော့ "စာဆိုတာက သက်မဲ့၊ ငါဆိုတာက သက်ရှိ"ဆိုတဲ့စကားပြောခဲ့ပါတယ်။ "သက်မဲ့စာကို သက်ရှိငါက အနိုင်ရရမယ်"ဆိုတဲ့ ခံယူချက်နဲ့လည်းကြိုးစားခဲ့ပါတယ်။ ညီငယ်၊ ညီမလေးတွေလည်း စာမရလို့ စိတ်ဖိအားတွေမများကြပါနဲ့။ ကြိုးစားကြပါ။ တကယ်ကြိုးစားရင် ကြိုးစားမှုနဲ့ထိုက်တန်တဲ့ရလဒ်ကို မလွဲမသွေရမှာသေချာပါတယ်လို့ပြောချင်ပါတယ်။

**မောင်ဇင်ကိုကိုလွင်**
**(လေးဘာသာဂုဏ်ထူးရှင်)**



ကျွန်တော်က ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်မှာ အခြေခံပညာအထက်တန်းကျောင်း (ကျည်တောင်ကန်)စာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုခဲ့တာ လေးဘာသာဂုဏ်ထူးနဲ့ အောင်မြင်ခဲ့ပါတယ်။ ဂုဏ်ထူးရတဲ့ဘာသာတွေကတော့ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနဲ့ ဇီဝဗေဒဘာသာတွေပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငယ်ငယ်ကတည်းက စာလုပ်တဲ့အချိန်မှာ သေသေချာချာလုပ်တယ်။ နောက်ပြီး ရပြီးသားစာတွေကိုလည်း အချိန်တစ်ခုသတ်မှတ်ပြီး ပြန်ပြန်လုပ်တယ် မမေ့အောင်ပေါ့။ နောက်ကျောင်းမှာ စာသင်တဲ့အချိန်တွေဆိုရင်လည်း သေသေချာချာသင်ယူပါတယ်။ နားမလည်ရင်လည်း ဆရာ၊ ဆရာမတွေကို ချက်ချင်းမေးတယ်။ စာတွေကို အချိန်ဇယားနဲ့လုပ်တယ်။ တစ်ဘာသာတည်းကိုလည်း ဖိမလုပ်ဘူး။ ဘာသာအားလုံးကို မျှမျှတတ အချိန်ခွဲပြီး စာတွေကိုလေ့လာပါတယ်။ ညီငယ်၊ ညီမငယ်တွေကိုလည်း အကြံပေးချင်တာက စာလေ့လာတဲ့အခါမှာ ဘာသာအားလုံးကို တစ်နှစ်ပတ်လုံး အချိန်ကို သေသေချာချာစီမံခန့်ခွဲပြီး လေ့လာသင်ယူပါလို့အကြံပေးချင်ပါတယ်။ ကျွန်တော်က ဆရာဝန်ဖြစ်ချင်တာ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမေက ကျန်းမာရေးသိပ်မကောင်းဘူး။ ဒီလိုကျန်းမာရေးမကောင်းတာတောင် ကျွန်တော်တို့မောင်နှမတွေကို အေးအေးဆေးဆေးပညာသင်ယူနိုင်အောင် ထောက်ပံ့ပေးနိုင်ခဲ့တယ်။ ကျွန်တော်လည်း အမေ့ကို တစ်လှည့်ပြန်ပြီး လုပ်ကျွေးပြုစုချင်တယ်။ ကျွန်တော်က အမေ့အတွက် အားဖြစ်ချင်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် အောင်စာရင်းမှာမပါတဲ့ သူငယ်ချင်းတွေကိုလည်း စိတ်ဓာတ်မကျဖို့ပြောလိုပါတယ်။ အကောင်းဆုံးထပ်မံကြိုးစားပြီး အကောင်းဆုံးရလဒ်တွေ ရအောင်ဖြေဆိုပြီး သက်သေပြလိုက်ကြပါလို့ အားပေးစကားပြောချင်ပါတယ်။ **(၁၀၀)**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၅ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၉၀ | ၂၆၀၀ | ၃၀၁၀ | ၄၀၀၀ |
| 95 Ron | ၂၆၁၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၁၅ | ၂၆၈၅ | ၂၇၀၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၉၅ | ၂၈၂၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၁၀ | ၂၇၂၀ | ၃၁၃၀ | ၄၁၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၇၀ | ၂၃၅၀ | ၂၃၀၅ | ၂၃၇၅ | ၂၃၈၅ | ၂၃၉၅ | ၂၃၅၅ | ၂၄၈၅ | ၂၅၁၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၈၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၅၃ | ၂၄၃၄ |
| 95 Ron | ၂၄၇၁ | ၂၅၅၄ |
| HSD (500 ppm) | ၂၁၆၉ | ၂၂၄၂ |
| HSD (50 ppm) | ၂၂၁၆ | ၂၂၉၀ |
| HSD (10 ppm) | ၂၂၁၆ | ၂၂၉၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီး
## ကုသရေးဦးစီးဌာန
## ဒုတိယအကြိမ်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနမှ (၂၀၂၄-၂၀၂၅)ခုု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အရိုးရောဂါအထူးကုဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနအောက်ရှိ လုပ်ငန်း(၃)ခု အား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေး လိုင်စင်ရကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - (၁၃-၆-၂၀၂၄)
တင်ဒါပိတ်မည့် နေ့ရက်နှင့်အချိန် - (၂၇-၆-၂၀၂၄) ညနေ(၄:၃၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက် အသေးစိတ်ကို သိရှိလိုပါက အရိုးရောဂါအထူးကုဆေးရုံကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှူးရုံး(လမ်း ၇၀၊ ၂၇ × ၂၈ ကြား)သို့ လာရောက်စုံစမ်း နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ပါဆောက်လုပ်ရေးလုပ်ငန်းများ အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

- သန်လျင်မြို့နယ်(သုံးခွ)(၃၀'×၂၃'×၉')RC သွပ်မိုး(၁)ထပ် ဂါလန်(၅၀၀)ဆံ့ ရေအုတ်ကန်(၁)လုံး(တွဲလျက်) လူနေအဆောက်အဦဆောက်လုပ်ခြင်း
- ကော့မှူးမြို့နယ်(ကွမ်းခြံကုန်း) (၃၀'×၂၃'×၉')RC သွပ်မိုး(၁)ထပ် ဂါလန်(၅၀၀)ဆံ့ ရေအုတ်ကန်(၁)လုံး(တွဲလျက်) လူနေအဆောက်အဦဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါများကို
(က) လျှောက်လွှာဝယ်ယူရမည့်ရက် - (၁၃-၆-၂၀၂၄)မှ (၁၉-၆-၂၀၂၄)
(ခ) လျှောက်လွှာများကို နောက်ဆုံး တင်သွင်းရမည့်ရက် - (၂၁-၆-၂၀၂၄)ရက်(၄:၃၀)နာရီ
(ဂ) နေရာ - ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး/
- လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ အနောက်ပိုင်းခရိုင်၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်-
(၁) ဦးကြည်လင် လက်ထောက်ညွှန်ကြားရေးမှူး - ၀၉ ၄၂၈၁၂၄၇၈၇
(၂) ဒေါ်သီတာချို ဦးစီးအရာရှိ(ငွေစာရင်း) - ၀၉ ၄၅၀၉၉၃၆၇၆
(၃) ဒေါ်လွင်မာဦး - ၀၉ ၂၆၃၅၉၈၃၅၁
(၄) ဒေါ်မြတ်မိုးဝေ - ၀၉ ၇၆၀၉၇၆၃၁၆

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၄-၂၀၂၅ ခုု ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၄-၂၀၂၅ ခုု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၁၁)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင်(၁၀-၆-၂၀၂၄)ရက်နေ့မှ (၂၄-၆-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၂၀-၆-၂၀၂၄)ရက်နေ့မှ(၂၄-၆-၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ကလေးဆေးရုံကြီး
## “အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း”

၁။ ရန်ကုန်ကလေးဆေးရုံကြီးတွင် လာရောက်ကုသမှုခံယူသော လူနာများအသုံးပြုရန် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သောဆေးဝါးများ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့် ဆေးပစ္စည်းများ Basic Comsumable များ(FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်း၊ ဆေးနှင့် ဆေးပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးနှင့် ဖုန်း-၀၁-၂၂၂၈၀၁-၂၂၂၈၁၀၊ တာဝန်ခံ(ဆေးစတို)ဖုန်း-၀၉-၄၂၁၇၂၂၂၇၄၂ တို့အား ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ - ၁၀-၆-၂၀၂၄(တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်နေ့ - ၉-၇-၂၀၂၄(အင်္ဂါနေ့)၊ ညနေ(၄:၀၀)နာရီ

**တင်ဒါကော်မတီ**
**ရန်ကုန်ကလေးဆေးရုံကြီး**
**အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးမိုးစည်သူစိုး ၁၂/ဒဂန(နိုင်)၀၃၂၁၁၅ နှင့် ဒေါ်အိအိပြုံး ၇/ဒဥန(နိုင်)၀၅၁၂၂၂ တို့၏ သားဖြစ်သူ မောင်ဟိန်းထွဋ်အောင် ၉/ပဗသ(နိုင်)၀၂၅၈၄၄ နှင့် မောင်ရဲမိုးဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ဟိန်းထွဋ်အောင်(ခ)မောင်ရဲမိုးဦး**

### အမည်ပြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ. ထ. က (၃) ပဥ္စမတန်း(A)မှ ပညာသင်ကြားနေသော အဘ ဦးအောင်မိုးတင့် ၁၂/မဘန(နိုင်) ၁၁၉၇၉၂ ၏သား မောင်ပြည့်စုံအောင်အား မောင်ကောင်းစည်သူဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းစည်သူဟိန်း**

### အမည်ပြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ. ထ. က (၃) Grade-5(C)မှ ပညာသင်ကြားနေသော အဘ ဦးနိုင်လင်းဇံ ၇/ပမန(နိုင်)၁၁၂၄၆၀ ၏သမီး မယဉ်ခန့်ဦးအား မရွှေဝတ်မှုန်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှေဝတ်မှုန်ဦး**

### အမည်ပြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ. ထ. က (၃) Grade-9(A) မှ ပညာသင်ကြားနေသော အဘ ဦးနိုင်လင်းဇံ ၇/ပမန(နိုင်)၁၁၂၄၆၀ ၏သား မောင်လင်းခန့်အောင်အား မောင်စွမ်းထက်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်စွမ်းထက်ပိုင်**

### ဖခင်အမည်မှန်
နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ သဲကောကြီး၊ အ. ထ. က Grade-12 တွင် ပညာသင်ကြားနေသော မောင်ဝေလွင်မိုး၏ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၉/လဝန(နိုင်)၁၉၂၁၂၁ ဖြစ်ပါကြောင်း။ **ဦးမောင်မျိုး**

### မိခင်အမည်မှန်
ကျိုက်မရောမြို့နယ်၊ ကော့ကလော့ကျေးရွာအုပ်စု၊ ရှမ်းရွာကြီးကျေးရွာ၊ အ. လ. က(ရှမ်းရွာလေးကျောင်း)၊ G-9မှ နော်ဖြူဖြူအေး၏မိခင်အမည်မှန်မှာ နော်ပန်းညို ၃/ဘသဆ(နိုင်) ၀၃၄၄၅၀ ဖြစ်ပါကြောင်း။ **နော်ပန်းညို**

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်ကျေးရွာနေ (ဘ)ဦးနိုင်ဦး ၁၂/ပဇတ(နိုင်)၀၀၈၉၉၃ ၏သမီး မဇဲဇဲထွန်း ၁၂/ဒလန(နိုင်)၁၀၄၈၀၂ အား မဇဲဇဲမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဇဲဇဲမိုး**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ နဝဒေးအိမ်ရာ၊ ကျိုက္ကဆံရပ်ကွက်နေ(ဘ)ဦးမိုးလွင် ၁၂/ဒလန(နိုင်)၀၃၀၅၁၂ ၏သမီး မလှကေသီအောင်(ခ)မပပကျော် ၁၂/ဗဟန(နိုင်)၁၁၅၄၉၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မလှကေသီအောင်(ခ)မပပကျော်**

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ရခိုင်ချောင်ကျေးရွာနေ (ဘ)ဦးမျိုးမင်းစိုး ၁၂/သလန(နိုင်)၀၂၇၄၃၈ ၏သမီး မခင်မြင့်မြတ်စိုး ၁၂/ဗတထ(နိုင်)၀၄၆၈၆၂ အား မခင်မြင့်မြတ်မျိုးဟုပြောင်းလဲခေါ်ဆိုပါရန်။
**မခင်မြင့်မြတ်မျိုး**

### ပျောက်ဆုံးကြောင်း
သူရဇော်(ဘ)ဦးလေးမြင့် ၁၄/ဘကလ(နိုင်) ၃၀၃၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 943733)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၉၆၀၁၈၀၈၈**

### ပျောက်ဆုံးကြောင်း
ကောင်းမြတ်ကျော်(ဘ)ဦးခင်ဇော် ၁၄/ဘကလ(နိုင်)၃၇၀၇၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 007783)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၆၄၇၅၅၈၀၉**

### ပျောက်ဆုံးကြောင်း
ချယ်ရီသိမ့်(ဘ)ဦးစိုးနိုင် ၉/ပဗသ(နိုင်) ၀၂၇၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 486964)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၀၄၁၃၂**

### ပျောက်ဆုံးကြောင်း
ထက်လင်း(ဘ)ဦးစောကယ်ရီဝင်း ၁၂/ရကန(နိုင်)၀၉၃၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 491470)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၄၇၇၄၉၀**

### ပျောက်ဆုံးကြောင်း
မင်းဇော်လင်း(ဘ)ဦးအောင်စိုး ၈/မသန(နိုင်)၀၆၈၀၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 370685)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၀၄၁၃၂**

### ပျောက်ဆုံးကြောင်း
လဲ့လဲ့ဝင်း(ဘ)ဦးကျော်စိုးနိုင် ၉/ပမန(နိုင်)၂၈၇၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 226926)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### အမည်ပြောင်း
မင်္ဂလာဒုံမြို့နယ်၊ အလက(၄)၊ G-9၊ မြတ်လေးအခန်းမှ မောင်ဘုန်းပြည့်စုံဝင်း၏ဖခင် ဦးသူရဝင်းအား ဦးကျော်ဝင်းမောင် ၁၂/တကန(နိုင်)၀၅၀၂၂၅ ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**ဦးကျော်ဝင်းမောင်**

### ပျောက်ဆုံးကြောင်း
ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၉၂)ရပ်ကွက်နေ သူလာဆာဒေဝီ(ဘ)ဦးချန္ဒရာဘာဒူ ၁၂/ဒဂဆ(နိုင်)၀၀၉၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 354603) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၀၄၁၃၂**

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နယ်၊ ဖဒို(၂)ရပ်ကွက်နေ မြင့်မြင့်စိုး(ဘ)ဦးဝင်းငွေ ၇/ကတခ(နိုင်)၁၉၉၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၈၁၂၇၀၀၉**

### ပျောက်ဆုံးကြောင်း
တောင်ငူမြို့နယ်၊ နဂါးမောက်နေ ချောစုထိုက်(ဘ)ဦးတင်စိုး ၇/တငန(နိုင်)၂၃၉၇၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 849367)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### တစ်ဦးတည်းဖြစ်ကြောင်း
မင်္ဂလာဒုံမြို့နယ်၊ အနန်းပင်ရပ်ကွက်နေ (ဘ)ဦးဦးရွှေစိန်၏သား ၁၁/မဥန(နိုင်)၀၂၅၃၉၉ ကိုင်ဆောင်သူ သိန်းရွှေဦး(ခ)သိန်းရွှေမြင့်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**သိန်းရွှေဦး(ခ)သိန်းရွှေမြင့်ဦး**

**သစ်တောထိန်းသိမ်း**
**တောတွေစိမ်းမှ**
**ငြိမ်းချမ်းပြည်ရွာ**
**နိုင်ငံသာ၏**

### ပျောက်ဆုံးကြောင်း
ဂျိုးဇက်အောင်စိုး(ဘ)ဦးမတ်စိုး ၄/ပလဝ(နိုင်)၀၇၀၄၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
အေးချမ်းအောင်(ဘ)ဦးအောင်ဝင်း ၁၄/မအပ(နိုင်)၃၃၂၂၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့၊ မြို့မ(၁)၊ ဘုရားကြီးလမ်းနေ သန့်သူအောင်(ဘ)ဦးသူရလွင် ၇/ညလပ(နိုင်)၁၈၃၁၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 996369)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

### ပျောက်ဆုံးကြောင်း
သန်းပွင့်နိုင်(ဘ)ဦးလှအောင် ၉/ပဘန(နိုင်)၂၂၁၀၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်း၊ ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်နေ ကျော်ဇင်သန့်(ဘ)ဦးမြတ်သူ ၇/ပခန(နိုင်)၄၆၈၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၈၈၂၂၈၈၂၉၈**

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ် ထောက်ကြန့်ကွင်းရွာနေ မမြင့်မြင့်မိုး(ဘ) ဦးမြင့်လွင် ၇/ရတရ(နိုင်)၁၂၄၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 953155)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၀၈၇၄၄၆၄**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၄)၊ ပန်းသပြေလမ်း၊ အရှေ့လားသော် ဒေါ်ခင်သီတာနေအိမ်၊ အနောက်လားသော် ပန်းသပြေလမ်း၊ တောင်လားသော် ဒေါ်ခင်ဝင်းနေအိမ်၊ မြောက်လားသော် ဦးသောင်းညွန့်နေအိမ် ၎င်းအလားလေးရပ်ရှိ မြေကွက်တွင် ဒေါ်တင်အေးခိုင်(၉/မထလ(နိုင်)၂၆၅၄၉၆)ကိုင်ဆောင်သူမှ (အလျား ၃၃'-၀"× အနံ ၂၄'-၀")Steel Structure (၁)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်၊ (ဇ)နယ်မြေ၊ (၃)လမ်း၊ ဦးပိုင်အမှတ်(ဇ/၁၇၁)၊ မြေကွက်အမှတ်(ဇ/၁၇၁)နေ၊ ဦးလင်းလင်းဦး(၉/တသန(နိုင်)၂၆၇၃၆၁)ကိုင်ဆောင်သူမှ (အလျား ၂၇'-၀"× အနံ ၂၂'-၆")ထရံကာ(၁)ထပ်သွပ်မိုးအဆောက်အဦဆောက်လုပ်ခွင့်နှင့်အုတ်ခြံစည်းရိုး ၁၆၀ ပေကာရံခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်နှင့်ခြံစည်းရိုးကာရံခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ မြနန္ဒာလမ်း၊ ဦးပိုင်အမှတ်(၃၆/က)၊ မြေကွက်အမှတ်(၈၆)နေ၊ ဦးဇေယျာဝင်း(၉/မထလ(နိုင်)၂၅၁၉၅၉)ကိုင်ဆောင်သူမှ (အလျား ၃၂'-၀"× အနံ ၁၄'-၀") RC(၁)ထပ် Slab မိုးအဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မြို့သစ်(၂)ရပ်၊ (၁၄)လမ်း၊ မြေကွက်အမှတ်(၃၉)နေ၊ ဦးထူးဇင်(၉/မခန(နိုင်)၂၀၅၁၀၃)ကိုင်ဆောင်သူမှ (အလျား ၂၅'-၆"× အနံ ၄၀'-၀") Steel Structure(၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။
**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ
မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၁၄)၊ မိတ္ထီလာ-သာစည်လမ်း၊ အကွက်အမှတ်(၉/ည)၊ မြေကွက်အမှတ်(၆၆)နေ ဒေါ်အေးသိန်း(၉/မထလ(နိုင်)၀၃၃၄၅၃)ကိုင်ဆောင်သူမှ (အလျား ၄၀'-၀"× အနံ ၂၀'-၀")Steel Structure(၁)ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**


ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
PREMIUM QUALITY CEMENT
RHINO CEMENT
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
အရေးပီးကားကော်ဖီစေ့စစ်စစ်ကိုသာ
အသုံးပြုထားကြောင်း အာမခံပါသည်။
ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PYIN OO LWIN
Nan Myaing
2+1 coffee
Black Coffee
PYIN OO LWIN
NAN MYAING
PYIN OO LWIN
NAN MYAING
PURE ARABICA Coffee
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အညီအသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

❖ ကာကွယ်ရေးနှင့်ပတ်သက်၍ စွမ်းရည်ရှိသည့် ကာကွယ်ရေး၊ စွမ်းအားရှိသည့်ကာကွယ်ရေးဟုနစ်ခုရှိ . . .
❖ စွမ်းရည်ရှိရန်အတွက် တစ်ဦးချင်း၏လေ့ကျင့်မှုများကို အမြဲမပြတ်ဆောင်ရွက်ပေးရန်လို . . .
❖ စွမ်းအားရှိရန်အတွက် အသုံးပြုလျက်ရှိသည့် လက်နက်များ၊ ယန္တရားများ၊ စက်ကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများအားလုံး စွမ်းအားရှိသည့် ပစ္စည်းများဖြစ်ရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုမှလှူဒါန်းသည့် လူထုသိပ္ပံကျမ်းအတွဲ (၄/၅)စာအုပ် ၃၀၀၀ ကို နိုင်ငံတစ်ဝန်းရှိစာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့စာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်း**

စာ - ၁၅ သို့

# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ



မကွေးတိုင်းဒေသကြီးအတွင်းရှိကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းသားမိဘများက တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကိုလာရောက်ကြည့်ရှုစဉ်။



ကလေးခရိုင်အတွင်းရှိကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများနှင့်ကျောင်းသားမိဘများက တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကိုလာရောက်ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၁၁**

၂၀၂၄ ခုနှစ်၊ မတ်လတွင်ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၄ ခုနှစ်၊ ဧပြီလနှင့် မေလများတွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပဆောင်ရွက်ပေးခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်းဖြင့် အပြီးထုတ်ပြန် ကြေညာသည်။

ထိုသို့ ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ကျောင်းများ၌ တက္ကသိုလ်ဝင်စာမေးပွဲ

စာမျက်နှာ ၂၈ ကော်လံ ၃ ♦

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
